ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏

လောကဥ္ဓ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဥ္ဓရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာ၁၀၈၇ (ဓမ္မပဒ- ၃၃၂)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 23 October 2025 ၁၁၉၇၉

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။
၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။
၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။
၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ကျင်းပ

MSME လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီးတိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်ကို အောင်မြင်အောင် ကဏ္ဍအလိုက် တွန်းအားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာ မျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု စသည့်အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❄

ယနေ့ ဖတ်စရာ

ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ » ၈

သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ် ဆက်လက်လက်ခံ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

စာမျက်နှာ » ၁၁

ကြေးမုံ

နိုင်ငံအတွက်ပကတိသင်ခန်းစာများကိုယူ နိုင်ငံသားများအတွက် ပညာရည်မြှင့်တင်ပေး

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ဂုဏ်ယူဖွယ်နိုင်ငံတစ်နိုင်ငံဖြစ်စေရန်အတွက် အသိဉာဏ်ပညာနှင့် အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်များရှိနေရုံဖြင့် မလုံလောက်ပေ။ အသိဉာဏ်ပညာ ဗဟုသုတနှင့် တွေးခေါ်ဆင်ခြင်နိုင်မှုမြင့်မားသော နိုင်ငံသူ နိုင်ငံသားများလည်း ပေါ်များနေရန်လိုအပ်သည်။ အစိုးရက နိုင်ငံတော်ကို ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်သလို နိုင်ငံသူ နိုင်ငံသားများကလည်း နိုင်ငံ့သားကောင်းပီသစွာဖြင့် ပါဝင်ဆောင်ရွက်မှသာ မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာနိုင်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ လွတ်လပ်ရေး၏ အသီးအပွင့်များကို အားလုံးတန်းတူညီမျှ မခံစားကြရသေးပေ။ လွတ်လပ်ရေးရပြီးသည့်အချိန်ကတည်းက ပယောဂအဖုံဖုံ၊ သွေးကွဲမှုအစုံစုံတို့ကြောင့် တိုင်းရင်းသားပြည်သူများ ဒုက္ခဆင်းရဲမျိုးစုံ တွေ့ကြုံနေကြရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အားနည်းမှုအခြေအနေများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် တည်ငြိမ်အေးချမ်းပြီး တိုးတက်နေသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ နိုင်ငံလူဦးရေနှင့်အကျယ်အဝန်း၊ လုပ်ကိုင်နိုင်သည့်အခြေအနေတူညီသည့်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံမှာ များစွာနောက်ကျကျန်နေသည်ကို တွေ့နိုင်သည်။ ထိုအချက်များကိုကြည့်၍ သင်ခန်းစာယူကြရမည်ဖြစ်သည်။

ထိုသို့နောက်ကျကျန်နေခြင်းသည် ပြည်တွင်း၊ ပြည်ပပယောဂအမျိုးမျိုးကြောင့်ဖြစ်သည်ဟုဆိုနိုင်သလို အဆိုးရွားဆုံးမှာ မိမိတို့နိုင်ငံသားများ၏ ပညာတတ်မြောက်မှုအားနည်းနေမှုနှင့် မှန်ကန်သော အသိပညာဗဟုသုတရှိမှု၊ နိုင်ငံအတွက်မှန်ကန်စွာတွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်း အားနည်းမှုတို့ကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ အဆိုပါအချက်အလက်များကို ကြည့်ခြင်းအားဖြင့် "မိမိတို့အနေဖြင့် မိမိတို့နိုင်ငံသားများအတွက် ပညာရည်မြှင့်တင်ပေးရန် သင်ခန်းစာကြီးမားစွာပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုးတက်သည့်နိုင်ငံဖြစ်စေလိုသည့် နိုင်ငံတော်အကြီးအကဲ၏ဆန္ဒနှင့် တိုင်းပြည်နောက်ကျကျန်နေရသည့် အကြောင်းရင်းများကို နိုင်ငံသူ နိုင်ငံသားများ သုံးသပ်ဆုံးဖြတ်ဆောင်ရွက်စေလိုသော သဘောထားကို မြင်တွေ့နိုင်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံကောင်းကျိုးအတွက်ဖြစ်နိုင်သည်များကို မဖြစ်မနေလုပ်ဆောင်ပေးလျက်ရှိပြီး တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်းကောင်း နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်ပြီး ဖြစ်နိုင်သည်များကို ပြောကြားကြရန်နှင့် ဖြစ်သင့်သည်များကို ဦးတည်ချက်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုပေသည်။

မြန်မာနိုင်ငံအနေဖြင့်ပြည်သူများက ရွေးချယ်ထားသော ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန် နိုင်ငံတော်အစိုးရက အဓိကအားဖြင့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏သမိုင်းကြောင်း၊ ပထဝီနိုင်ငံရေးအရ အရေးပါမှုများကို ကြည့်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံရေးစနစ်မတူညီသည့်၊ ကမ္ဘာတွင် အင်အားကြီးနိုင်ငံများ၌ပါဝင်သည့် နိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိနေသဖြင့် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ရန်လိုသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားသည်။

အဆိုပါအချက်များအပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုသည်။ ထိုသို့စဉ်းစားဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပကတိအရှိတရားဖြစ်သည့် အားနည်းချက်များဖြစ်သော အသိပညာ၊ အတတ်ပညာ၊ အတန်းပညာများ တိုးတက်မြင့်မားလာစေရေးအတွက် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည်။ ပထမအဆင့် KG+9 အထိ မဖြစ်မနေသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ကလေးငယ်များ၏ပညာရေး မဆုံးရှုံးစေရန်နှင့် ပညာရေး နောက်ကျခြင်းမဖြစ်စေရန် သားသမီးချင်း၊ မိဘချင်း ကိုယ်ချင်းစာနာထောက်ထားပြီး ဆောင်ရွက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ပကတိဖြစ်ပေါ်နေသည့် အရှိတရားများကို သင်ခန်းစာယူပြီး နိုင်ငံသားများ ပညာရည်မြှင့်တင်ပေးရေး၊ စည်းကမ်းတကျဖြစ်သည့် ရွေးကောက်ပွဲဖြစ်လာစေရေး၊ ထိုမှတစ်ဆင့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေးအတွက် အားလုံးအတတ်နိုင်ဆုံး ထိန်းသိမ်းပါဝင်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(၁)	ဒေါက်တာ နုနုလွင် ဒုတိယပါမောက္ခချုပ် Naypyitaw State Academy ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် Naypyitaw State Academy ပညာရေးဝန်ကြီးဌာန
(၂)	ဒေါက်တာ နေခြည်လွဲလွဲသိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

---

၂၂ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁၀ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၄၀၀	၈,၅၀၀	၁,၀၈၂	၉,၀၈၉,၅၀၀
MTSH	၃,၄၅၀	၃,၄၅၀	၂,၁၂၇	၇,၂၈၇,၅၅၀
MCB	၈,၀၀၀	၈,၀၀၀	၁၀၀	၈၀၀,၀၀၀
FPB	၂,၅၀၀	၂,၅၀၀	၁၀	၂၅,၀၀၀
TMH	၂,၈၀၀	၂,၈၀၀	၁၀	၄၄၈,၀၀၀
EFR	၁,၈၀၀	၁,၈၀၀	၁,၁၂၉	၂,၀၃၅,၆၅၀
AMATA	၃,၅၀၀	၃,၅၀၀	၁၁၀	၃၈၅,၀၀၀
MAEX	၃,၂၀၀	၃,၃၀၀	၁၈၆	၅၉၇,၃၅၀
MADPL(PLB)	၂,၇၅၀	၂,၇၀၀	၇၉၅	၂,၁၅၆,၅၅၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❄ ရှေ့ဖုံးမှ

အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏ အဓိကပန်းတိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **“နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာ လုံလောက်စွာ ရရှိနိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ဖွံ့ဖြိုးရေးဌာနများ၊ သုတေသနဌာနများ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်လည်း နိုင်ငံအနှံ့ မျိုးကောင်းမျိုးသန့် မျိုးမှန်ရရှိရေးအတွက် သုတေသနလုပ်ငန်းသစ်များ ထပ်မံတိုးမြှင့်အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ စိုက်ဧကအတိုင်း တစ်ဧက အထွက်နှုန်းပြည့်မီအောင် ချည်မျှင်ရှည်ဝါ၊ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ်ဝါးတန်ချိန်များစွာ ထွက်ရှိသည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင် ဝါးစက္ကူပျော့ဖတ်ကို ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းချမှတ်ပြီး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်းမှထွက်ရှိသည့်ရော်ဘာအခြေခံကုန်ကြမ်းများ အသုံးပြု၍ အဆင့်မြင့် ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်ကြောင်း၊ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏ အကျိုးသာမက နိုင်ငံ၏အောင်မြင်မှုလည်း ဖြစ်သောကြောင့် မဖြစ်မနေ အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) များကိုလည်း ထောက်ပံ့ပေးထားကြောင်း၊ အဆိုပါထောက်ပံ့ပေးထားသည့် ဒေသများတွင် ပန်းတိုင်အထွက်နှုန်း အမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့်အတိုင်း နှစ်ရှည်သီးနှံပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးပြီး နိုင်ငံတွင်း သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။

စက်မှုကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေခံအားဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်၊ နည်းပညာသုံးထုတ်လုပ်မှုစနစ်နှင့်ပတ်သက်သည့် အသိပညာများရရှိရန် လိုအပ်ကြောင်းနှင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီးတိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့်အရေးယူမှုများနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုသည် အဓိက အဟန့်အတားဖြစ်နေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်လျက်ရှိသည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာဌာနများက ယခုထက်ပိုမိုတားဆီးကြပ်မတ်ဆောင်ရွက်စေလိုကြောင်းနှင့် ဖမ်းဆီးရမိမှုများကို ဥပဒေပုဒ်မ မှန်မှန်ကန်ကန်ဖြင့် တရားစွဲအရေးယူရန် လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ လူတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ အားပေးဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့်နီးပါး အတန်းစဉ်အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရေး အတန်းစဉ်ကူးပြောင်းရာတွင် ရှိရင်းကျောင်းသားဦးရေထက် လျော့နည်းမသွားစေရေး ကြပ်မတ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်ကချမှတ်ထားသည့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ လက်ရှိပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **“ဆေးရုံတိုင်းဆရာဝန်ရှိရမည်”**ဟု မူဝါဒချမှတ် ပေးထားသည့်အတွက် ဆေးရုံများအတွက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားပေးရန်လိုအပ်ကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ “အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အကြီးအကဲအနေဖြင့် အားကစားကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့ကြီးများတွင် မိုးလုံလေလုံအားကစားရုံ၊ ရေကူးကန်၊ လူ ၅၀၀၀ ပွဲကြည့်နိုင်သည့် အဆင့်မြင့် ပွဲကြည့်စင်နှင့် Synthetic Rubber Track and Field ကွင်းအပါအဝင် ဘောလုံးကွင်းများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများအလိုက် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းအောင် လေ့ကျင့်မွေးမြူပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးကြစေလိုကြောင်း၊ မကြာမီ ထိုင်းနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင် အားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ကဏ္ဍနှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံထားသည့် အသုံးစရိတ်များနှင့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေး ပြည့်မီစေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခွန်ကဏ္ဍသည် အရေးကြီးသည့်အတွက် အခွန်ကောက်ခံမှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများကို လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထား ဆောင်ရွက်ကြစေလိုကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို ပြည်သူများ အသုံးပြုတတ်စေရန် ပညာပေးရေး၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး စသည်များကို အလေးထားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။**သတင်းစဉ်**

- ★ **နိုင်ငံတကာ မျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာ ခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုစသည့် အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့**
- ★ **ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်**
- ★ **ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်**
- ★ **နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြင့်တင်သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးမင်းမင်းတို့ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုဗိုစီဗစ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးရုံးနှင့် နိုဗိုစီဗစ်ဒေသအစိုးရ အဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmin Naypyitaw Hotel ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံနှင့် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၂၂

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)ကို စံပြအဖြစ် ကိုယ်တိုင်လိုက်နာရန်သာမက လက်အောက်ဝန်ထမ်းများ လိုက်နာကျင့်သုံးကြစေရေး လမ်းညွှန်ပေးကြရန်မှာကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထောင်စုရာထူးဝန်အဖွဲ့
တက္ကသိုလ်(အောက်မြန်မ
ဆင့်အရာထမ်းသင်တန်းအမှ
တန်းဆင်းပွဲအခမ်းအနား

ယင်းနောက် အဖွဲ့ဝင်ဦးစိုးတင့်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြုပြင်လျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး၍ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ကြရန် မှာကြားကာ တက္ကသိုလ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်

အဆိုပါ သင်တန်း၏ ဖွင့်ပွဲနှင့်သဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရတနာသိဃ်ခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ သင်တန်းကို ဇွန် ၂ ရက်မှအောက်တိုဘာ ၂၂ ရက်အထိ သင်တန်းသား၄၄ ဦး၊ သင်တန်းသူ ၄၉ ဦး စုစုပေါင်း၉၃ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms Gwyn Lewis အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ် တက်ရောက်ရန်နှင့် မြန်မာ–တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Oil & Gas Exploration and Development Corporation (CNODC) ဧည့်ခန်းမဆောင်၌ CNODC ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်များတွင် နှစ်ဖက်အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကမ်းလွန်စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် ဥပဒေရေးရာကဏ္ဍများတွင် သင်တန်းများစေလွှတ်၍ သင်ယူလေ့လာရေး၊ နှစ်ဖက်နီးကပ်စွာထိတွေ့ဆက်ဆံနိုင်ရေးအတွက် Working Group များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာ့စွမ်းအင်ကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာစေရေးအတွက် လိုအပ်သည့်အကူအညီဖြည့်ဆည်းပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် Canadian Foresight Group (CFG) နှင့် China Oilfield Services Limited (COSL) တို့၏ ဥက္ကဋ္ဌများ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး နှစ်ဖက်အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်တွင် တူးဖော်ရေးဆိုင်ရာကိစ္စရပ်များ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် CNPC ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ပေကျင်းမြို့ရှိနိုင်ငံပိုင် China National Petroleum Corporation (CNPC) ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်ရေး၊ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို သွယ်တန်းထားပြီးဖြစ်သည့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအတွင်း ပို့လွှတ်သယ်ဆောင်နိုင်ရေး၊ ကမ်းလွန်လုပ်ကွက်အသစ်များကို လေ့လာပြီး ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့်အဝအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်းတွင်းပိုက်လိုင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အသုံးပြုနိုင်ရန်အတွက် အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများတွင် စိတ်ပါဝင်စားသည့်ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ ရေနံချက်စက်ရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းစီမံကိန်းများအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိနိုင်ရေး၊ ပိုက်လိုင်းလုံခြုံရေးနှင့် ပိုက်လိုင်းတစ်လျှောက် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သံပုရာကန် ရေနံချက်စက်ရုံစီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် Sino–pipeline International (SPI) ကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အလုပ်သဘော နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

ထိုသို့ သုံးဆောင်စဉ် ရေနံချက်စက်ရုံအသစ်စီမံကိန်းအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်နိုင်ရန် ပိုက်လိုင်းများ သွယ်တန်းနိုင်ရေး၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အသုံးပြုနိုင်ရန်အတွက် ကနဦးဆန်းစစ်ခြင်းများကို လျင်မြန်စွာ စတင်ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား စွမ်းအင်ကဏ္ဍဆိုင်ရာအဖွဲ့များမှ အကြီးအကဲများက လာရောက်တွေ့ဆုံကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံ တည်ဆောက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းခြင်း၊ စွမ်းအင်ကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် နည်းပညာများအား ရှင်းလင်းတင်ပြခြင်း၊ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ သန့်ရှင်းသော စွမ်းအင်အမျိုးမျိုးအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ဆောင်ရွက်နိုင်မည့်အခြေအနေကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ စွမ်းအင်ကဏ္ဍတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပိုင် ဘူမိရူပစူးစမ်းလေ့လာရေးနှင့် ရေနံရှာဖွေရေးပစ္စည်းများ ထုတ်လုပ်သည့် BGP ကုမ္ပဏီသို့ သွားရောက်၍ 3D Seismic ကို အသုံးပြုပြီး လက်တွေ့တိုင်းတာဆောင်ရွက်မှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး နည်းပညာများ၊ Seismic တိုင်းတာရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

အားကောင်းသောလေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

ရန်ကုန် အောက်တိုဘာ ၂၂ ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။



အဆိုပါ အားကောင်းသော လေဖိအားနည်း ရပ်ဝန်းသည် အနောက် မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူး မြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်း ကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ဗိုလ်တထောင်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဦးသူရဆွေက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ဝတ်ရည်ကျော်က သမဝါယမအသင်းများ၏ အရပ်ရပ်ဆိုင်ရာကိစ္စများ၊ သမဝါယမလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဝင်အခြေခံသမဝါယမအသင်း ၂၃ သင်းအား အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)

ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ

ဇော်လင်း

“နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကိုထိန်းသိမ်းကာကွယ်ရေးဟာပြည်ထောင်စုသားအားလုံးရဲ့ မွေးရာပါတာဝန်ဖြစ်တာကြောင့် နိုင်ငံသူနိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြဖို့လိုတယ်။ တို့နိုင်ငံအတွက်အသက်တမျှအရေးကြီးတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို မောင်တို့မယ်တို့က အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ အတူတကွ ပညာသင်ကြားရင်းနဲ့ ရင်ထဲမှာ စွဲမြဲခံယူကြပြီးဖြစ်တယ်လို့လည်း ယုံကြည်တယ်။ ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာနဲ့ မိမိတို့တာဝန်ကျရာ ဒေသတွေမှာ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြပါလို့ မှာကြားလိုတယ်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် မြွက်ကြားသည့်သြဝါဒအမှာစကားမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၅ နှစ်သင်တန်း အမှတ်စဉ် (၇) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အခက်အခဲများကို စုပေါင်းအားဖြင့် လက်တွဲတွန်းလှန်

မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သော နိုင်ငံဖြစ်သည်။ “မြန်မာ” ဟူသော ဝေါဟာရသည် မျိုးနွယ်စုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို ခေါ်ဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတွင်ကျရောက်လာသည့် အခက်အခဲများကို စုပေါင်းအားဖြင့် လက်တွဲတွန်းလှန်ကာကွယ်ခဲ့ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် သာယာဝပြောသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။

တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း အပြန်အလှန် လေးစားယုံကြည်မှု၊ ရင်းနှီးချစ်ကြည်မှု၊ နားလည်ခွင့်လွှတ်မှု၊ စည်းလုံးညီညွတ်မှုတို့သည် ပြည်ထောင်စု၏ အသက်သွေးကြောပင်ဖြစ်သည်နှင့်အညီ အဆိုပါစိတ်ဓာတ်များ မွေးဖွားသန့်စင်ခဲ့သော၊ ပေါက်ဖွားရှင်သန်ခဲ့သောမြေ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ သမိုင်းကြောင်းကို အကျဉ်းမျှ တင်ပြလိုပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်သော ပညာရေးဝန်ထမ်းကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ တက္ကသိုလ်အား တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် ၅ ရပ်ရှိပြီး အဆိုပါ ရည်ရွယ်ချက်များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရာမီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်ဟူသော အချက် အပါအဝင်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ တိုင်းရင်းသား လူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးမှစ၍ နိုင်ငံတော်က လိုလေသေးမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားပါသည်။ ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအသိုင်းအဝိုင်းသည် ပြည်ထောင်စုလေးသဖွယ်ဖြစ်နေသည်။ အိပ်ဆောင်များအား တိုင်းရင်းသားမျိုးနွယ်စုနာမည်များ၊ တိုင်းရင်းသားများ၏ အထင်ကရနေရာများဖြင့် မှည့်ခေါ်ထားပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်မကြီးက မွန်တိုင်းရင်းသူဖြစ်ကောင်းဖြစ်မည်။ Junior ညီမငယ်က ကရင်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ မတူညီသော ဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ မောင်နှမအရင်း၊ ညီရင်းအစ်ကို သံယောဇဉ်မျိုးဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းတန်ဖိုးများသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေတည်ရာဖြစ်သည်။ Junior ညီငယ်ဖျားလျှင် Senior အစ်ကိုကြီး ညမအိပ်နိုင်တော့၊ Senior အစ်ကိုအလုပ်များလျှင် ဝိုင်းဝန်းကူညီပေးသူက Junior ညီငယ်ဖြစ်သည်။ အမုန်းတရားများမရှိ၊ နှိုင်းယှဉ်မှုများမရှိ၊ သံယောဇဉ်တရားများဖြင့် ခိုင်ကျည်ထားသော ပြည်ထောင်စုလေးတွင် သူတို့ရှင်သန်ပျော်ရွှင်စွာ ပညာဆည်းပူးကြသည်။ သူတို့တစ်တွေအား နည်းပေး၊ လမ်းပြသွန်သင်ဆုံးမသူဆရာ ဆရာမများသည်လည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံက သူတို့၏ Senior အစ်ကိုကြီး၊ အစ်မကြီးများပင်ဖြစ်သည်။

ဤကျောင်းတော်ကြီးတွင် တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့် တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာ တိုင်းရင်းသားဘာသာစကားကို သင်ယူနိုင်သည်။ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များကို လေ့လာနိုင်သည်။ ရိုးရာဝတ်စုံများ လဲလှယ်ကာ ဓာတ်ပုံရိုက်ကြသည်။ ရိုးရာမုန့်များ တစ်လှည့်စီပြုလုပ်၍ မြိန်ရေရှက်ရေ စားကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသားများဖြစ်ကြ၍ ဂုဏ်ယူဝင့်ကြွားကြသည်။ မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ **“စည်းလုံးခြင်းသည်အင်အား”** ဟူသည် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည်။ သံယောဇဉ်တရားက စည်းလုံးညီညွတ်ရေးအားကို အလိုအလျောက် ရရှိစေသည်။

ရေကိုသား၍ အကြားမထင်ကဲ့သို့ရှိကြ

ဤကျောင်းတော်ကြီးတွင် သင်ကြားရေးဘာသာရပ်ဌာန ၂၁ ဌာနဖြင့် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်များ၊ အခြေခံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များ၊ တွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များနှင့် အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များ သင်ကြားကြရသည်။ အထူးတွဲဖက် သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဘာသာရပ်များပါဝင်သည်။ သို့သော် စည်းလုံးညီညွတ်ရေးဟု အတင်းတိုက်တွန်းနေစရာမလို၊ နှစ်ကာလများစွာ အတူတူနေထိုင် ရှင်သန်ခဲ့ကြသော ဤကျောင်းတော်သူ ကျောင်းတော်သားများ၏ သံယောဇဉ်သည် ရေကိုသား၍ အကြားမထင်ကဲ့သို့ ရှိကြပါသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က စားဝတ်၊ နေရေး၊ ကျန်းမာရေးမှစ၍ အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့ပေးထားပါသည်။ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ရိက္ခာစိုငွေများအပြင် ဝတ်စုံများအနေဖြင့် တိုက်ပုံ၊ ဆာဖာရီ၊ လည်ကတုံး၊ လုံချည်၊ ဘောင်းဘီ၊ ရင်ဖုံး၊ တီရှပ်၊ ဘောင်းဘီရှည်၊ လက်ဆွဲအိတ်၊ ညှပ်ဖိနပ်၊ ကင်းပတ်(လည်ရှည်)ဖိနပ်၊ ခြေအိတ်၊ အိပ်ရာပစ္စည်းများ၊ စာရေးကိရိယာများ၊ လစဉ်မုန့်ဖိုး စသည်ဖြင့် ကျောင်းသားကျောင်းသူများ လိုအပ်ချက်ကို ပြည့်မီစွာ ထောက်ပံ့ပေးထားပါသည်။

> ❛ဤကျောင်းတော်ကြီးတွင် တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့်တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာတိုင်းရင်းသားဘာသာစကားကို သင်ယူနိုင်သည်။ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များကို လေ့လာနိုင်သည်။ ရိုးရာဝတ်စုံများလဲလှယ်ကာ ဓာတ်ပုံရိုက်ကြသည်။ ရိုးရာမုန့်များ တစ်လှည့်စီပြုလုပ်၍ မြိန်ရေရှက်ရေစားကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသားများဖြစ်ကြ၍ ဂုဏ်ယူဝင့်ကြွားကြသည်။ မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ “စည်းလုံးခြင်းသည်အင်အား” ဟူသည် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည်။ သံယောဇဉ်တရားက စည်းလုံးညီညွတ်ရေးအားကို အလိုအလျောက်ရရှိစေ❜

စာမျက်နှာ ၇ သို့ ○

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၆၆ ရက်
သာ လိုတော့သည်။

အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၃၂၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ဆရာ ဆရာမ ၁၂၅ ဦးအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၆ မှ

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုး၊ ကြံ့ခိုင်ရေးအတွက် နေ့စဉ် ကြက်ဥ နှစ်လုံး၊ နွားနို့ ၂၀ ကျပ်သားအပြင် ဂျုံဖြင့် ပြုလုပ်ထားသော အစားအစာကို တစ်ပတ်လျှင် ငါးရက်နှုန်းဖြင့် ကျွေးမွေးရန် စီမံဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာသည် ကြီးမားသကဲ့သို့ ဤကျောင်းသား ကျောင်းသူများအပေါ် နိုင်ငံတော်က မည်မျှအထိ မျှော်လင့်ချက်ကြီးမားကြောင်း ပေါ်လွင်စေပါသည်။ အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပြည်ထောင်စုကျောင်းတော်ဖြစ်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုကျောင်းတော်တွင် ပြည်ထောင်စုကြီးအတွက် အသက်ဝိညာဉ်သဖွယ်အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးသောကြောင့်ဖြစ်သည်။ စာကိုသာမက စိတ်ကိုပါ သင်ကြားပေးသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၅၀၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်ပညာဒီပလိုမာ ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း ၄၄၃ ဦး စုစုပေါင်း ၁၄၅၁၄ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ သူနာပြုဆရာ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး၏ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။

ကျောင်းသားဟောင်းများအသင်း ဖွဲ့စည်းထား

ဤဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများက ကျောင်းသားဟောင်းများအသင်းဟူ၍ ဖွဲ့စည်းထားရှိသည်။ ကျောင်းသားဟောင်းများက သူတို့အား မွေးဖွားရှင်သန်စေခဲ့သော ကျောင်းတော်ကြီးကို နှစ်စဉ်နှစ်တိုင်း အလွမ်းပြေလာကြည့်သည်။ သူတို့စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများအောက် အရိပ်ခိုကြသည်။ ရောက်ရှိလာကြသော တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသားဟောင်းကြီးများအချင်းချင်း လက်တွဲ၍ ဓာတ်ပုံရိုက်ကြသည်မှာ အလွန်လှပကြည်နူးဖွယ်ရာ မြင်ကွင်းဖြစ်သည်။

သူတို့တစ်တွေသည် သူတို့ချစ်သော ပြည်ထောင်စုကျောင်းတော်ကြီးကို ပြန်လည်စောင့်ရှောက်ကြသည်။ တစ်နည်းအားဖြင့် သူတို့ချစ်သော ပြည်ထောင်စုကြီးကို လက်ချင်းချိတ် ကာကွယ်စောင့်ရှောက်ရင်း မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးကြသည်။ သူတို့တစ်တွေ၏ လက်ဆင့်ကမ်းအမွေများကို သယ်ဆောင်ရင်း ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူ ၁၈၄ ဦးသည်လည်း သူတို့ကဲ့သို့ပင် နိုင်ငံတော်၏ တာဝန်ကို ကျရာကဏ္ဍအသီးသီးတွင် ထမ်းဆောင်ရင်း ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကြပါတော့မည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ ဩဝါဒခံယူပွဲတွင် ကျောင်းသား ကျောင်းသူများကိုယ်စား ကရင်တိုင်းရင်းသား ကျောင်းသားတစ်ဦးက ဂါရဝပြုတင်ပြခဲ့ပါသည်-

- သားတို့အနေနဲ့ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါမယ်။
- သားတို့အနေနဲ့ နိုင်ငံ့သားကောင်းများပီသစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်။
- တာဝန်ကျရာဒေသတွေမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား ပြန့်ပွားရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။
- မကြာခင်ကာလမှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ သားတို့အနေနဲ့ ကိုယ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်ခင်ဗျာ။

အမိနိုင်ငံတော်ကြီးအတွက် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ အားရကျေနပ်စရာကတိကဝတ်များဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုကြီး၏ ပြည်ထောင်စု ကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)က မွေးဖွားသန့်စင်ပေးလိုက်သော ကျောင်းဆင်းတိုင်းရင်းသား လူငယ်မောင်မယ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရင်း၊ ပြည်ထောင်စုကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ လက်များဖြင့် ကာကွယ်စောင့်ရှောက်ကြမည့် ပုံရိပ်များကို မြင်ယောင်လျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံတွင် စားသုံးဆီနှင့်ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း(Establishment of a Soybean Processing Plant through Research and Development for Cooking Oil and Soybean Meal Sufficiency in Myanmar) စီမံကိန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ယခင်စီမံကိန်း၏ အောင်မြင်မှု အတွေ့အကြုံများအပေါ် အတွေ့အကြုံရယူ၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းအသစ်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်းနီးပါးကို နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ တင်သွင်းနေရလျက်ရှိပြီး မွေးမြူရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော ပဲပုပ်ကြိတ်ဖတ်ကိုလည်း နှစ်စဉ်မက်ထရစ်တန်ချိန် သုညဒသမ ၆ သန်းခန့် ပြည်ပမှ ဝယ်ယူနေရကြောင်း၊ ဤလိုအပ်ချက်နှစ်ခုလုံးကို ပြည်တွင်းဖြစ် ထုတ်ကုန်များဖြင့် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအပါအဝင် ယခုစီမံကိန်းသည် ပြည်တွင်းစွမ်းအား၊ သုတေသနနှင့် နည်းပညာများဖြင့် ရင်ဆိုင်ဖြေရှင်းမည့် မဟာဗျူဟာမြောက် ချဉ်းကပ်မှုဖြစ်ပါကြောင်း၊ ဤစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ပဲပုပ်စိုက်ပျိုးရေးမှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် စားသုံးဆီနှင့် ပဲပုပ်ဖတ်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ခိုင်မာအောင် တည်ဆောက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဝိုင်းဝန်းအကြံပြုဆွေးနွေး

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းအစီအစဉ်များကို တင်ပြရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ သုတေသီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကဝမြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့မှု ဆောင်ရွက်

ကဝ အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် တဲစုကျေးရွာမှ သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် အောင်နိုင်တိုး(YSR-1) စပါးရိတ်သိမ်းခြွေလှေ့မှုအား မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ရိတ်သိမ်းရာတွင် တဲစုကျေးရွာ တဲစုစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၄၀ တို့ စိုက်ပျိုးထားသော အောင်နိုင်တိုး(YSR-1)စပါးနှင့် မော်ဘီ(၃) စပါးမျိုးများဖြစ်ပြီး သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပန်းတိုင်အထွက်နှုန်းတိုးတက်လာစေရန် ထောက်ပံ့ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၂ရက်တွင် ဆီဘောက်ဆာယာဉ်များကို မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ မျိုးသိန်း(ပြန်/ဆက်)

တပ်မတော်သားမိသားစုဝင်များအတွက် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၂

တပ်မတော်သား မိသားစုဝင်များ ဝင်ငွေတိုးပွားလာစေရေးနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းများ ပေါ်ထွက်လာရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တပ်မတော်သား မိသားစုဝင်များအတွက် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ သံလွင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းထွက် ကုန်ချောပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြရာ သင်တန်းသူများက လက်ခံရယူကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းသူများ လက်တွေ့ ချုပ်လုပ်ထားသည့် အထည်ချောများ၊ လုပ်ငန်းသုံးပစ္စည်းနှင့် အပ်ချုပ်စက်များကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ဌာနနှင့် ECOCARE COMPANY LIMITED တို့အကြား တောင်ကြီးမြို့ မြို့ပြ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို တည်ဆောက်၊ လုပ်ကိုင်၊ ပိုင်ဆိုင် (Build-Operate-Own) စနစ်ဖြင့် ဆောင်ရွက်မည့် BOO သဘောတူစာချုပ် ချုပ်ဆိုပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးက တောင်ကြီးမြို့ မြို့ပြ ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ECOCARE COMPANY LIMITED မှ ဒါရိုက်တာ Mr.Ichiro Uesawa နှင့် ဦးမျိုးအောင်တို့က တောင်ကြီးမြို့ မြို့ပြ ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နှစ်ဦးနှစ်ဖက် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ စာချုပ်များ အပြန်အလှန် လဲလှယ်ကြပြီး ECOCARE COMPANY LIMITED မှ ဒါရိုက်တာက ရေပေးရေးဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ သရုပ်ပြပုံစံငယ် Model များအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေပေးဝေရေး စက်ရုံပုံစံငယ်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အုတ်တွင်းမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား မြေပဲမျိုးနှင့်သွင်းအားစုများ ပေးအပ်

အုတ်တွင်း အောက်တိုဘာ ၂၂

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံမြေပဲစိုက်ပျိုးမည့် အသင်းလေးသင်း၊ အသင်းသား ၁၉၀ ၏ စိုက်ဧက ၁၀၀၀ အတွက် အသင်းပိုင်အစီအစဉ်ဖြင့် သီးနှံပေါ်ပေးစနစ်တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းနှင့်ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထားထားအေးက ဆောင်းဆီထွက်သီးနှံ(မြေပဲ)စိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများကို ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက သမဝါယမအသင်းသားတောင်သူများအတွက် မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်ဟိုတယ်ဇုန်ရှိဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)၏ စီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်(၁)ရှိ တုံ့ဂပူရိဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်း၊ ဧည့်ဝတ်ဖော်ရွေပျူငှာမှုများရှိရန် လိုအပ်သကဲ့သို့ လာရောက်တည်းခိုနေထိုင်ကြမည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံမှုအတွက် စွမ်းဆောင်ရည်မြင့်မားသော လုံခြုံရေးအစီအမံများချမှတ်ဆောင်ရွက်ခြင်းသည်လည်း အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

ရိုးရာသိုင်းပညာသင်ကြားခြင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်တွေ့အသုံးချထိန်းသိမ်းထားနိုင်ခြင်း၊ စည်းကမ်းကျင့်ဝတ်များနှင့်အညီ ခရီးသွားဧည့်သည်များအပေါ် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်း စသည့်ဝန်ဆောင်မှုစွမ်းဆောင်ရည်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ရိုးရာသိုင်းပညာရပ်ကိုအခြေခံပြီး လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက်သာမကလာရောက်တည်းခိုနေထိုင်ကြမည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ယုံကြည်မှုရရှိရေးကိုပါဆက်လက်ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဟိုတယ်များမှ ရောင်စုံမီးအလှဆင်ခြင်းတွင် ဆုရရှိကြသည့် ဟိုတယ်များကို ဆုများပေးအပ်ပြီး သင်တန်းဆင်းလုံခြုံရေးဝန်ထမ်းများ၏ သိုင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ အရေးပေါ်လူနာတင်ယာဉ်စနစ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူနာတင်ယာဉ်စခန်းများကို နေပြည်တော်ကောင်စီနယ်မြေအတွင်း ခုနစ်မြို့နယ်တွင် သက်ဆိုင်ရာမြို့နယ်များရှိ ဆေးရုံများ၌ အဓိကအခြေပြုထားပြီး စုစုပေါင်း လူနာတင်ယာဉ်စခန်းကိုးခု ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်စနစ်အတွက် အသုံးပြုမည့် လူနာတင်ယာဉ်များကို Basic Ambulance အဖြစ် ပြင်ဆင်ဆောင်ရွက်ထားပြီး Telematic စနစ်ဖြင့်တပ်ဆင်ကာ လူနာတင်ယာဉ်တည်နေရာ၊ လှုပ်ရှားမှုတို့ကို Real time ကြီးကြပ်နေကြောင်း၊ နေ့စဉ်ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု အခြေအနေ (Readiness)ကို EMS 192 Call Centerမှ နေ့စဉ်နံနက်တိုင်း စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရလူနာများကို ဆေးရုံသို့ နည်းစနစ်မှန်ကန်စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် အရေးပေါ်လူနာတင်ယာဉ်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆက်စပ် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇင်မာစိုးက အရေးပေါ်လူနာတင်ယာဉ်စနစ်နှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက အရေးပေါ်လူနာတင်ယာဉ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး တင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူနာတင်ယာဉ်များဖြင့် လူနာများကယ်ဆယ်ပို့ဆောင်ရေးလုပ်ငန်း သရုပ်ပြမှုများ၊ လူနာတင်ယာဉ် ပြင်ဆင်ထားရှိမှုများနှင့် Ambulances Crew စုဖွဲ့မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာသို့ ရောက်ရှိပြီး စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ရုံး၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သွင်းအားစု ဓာတ်မြေဩဇာကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ကျောက်မှုန့်မြေဩဇာကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပိုက်ဆံလျှော်မျိုးစေ့ကိုလည်းကောင်း တောင်သူများထံ ပေးအပ်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်သို့ရောက်ရှိပြီး ကျည်တောင်-သာယာဝမ်း (ရွှေပေါင်းလောင်း) တံတား ပေ ၅၅၀ တည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း၊ သစ်တပ်ကျေးရွာနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းကြား လမ်းဦးစီးဌာနမှ ရွာပတ်လမ်း ကျောက်ရောမြေ(ရိစာ) လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

မော်လမြိုင် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် သိရှိနားလည်ပြီး မျက်စိကျန်းမာရေးလုပ်ငန်းများကို အချိန်အဟုန်မြှင့်ဆောင်ရွက်ရန်နှင့် မျက်စိရောဂါများကြောင့် အမြင်အာရုံချို့ယွင်းမှုနှင့် မျက်မမြင်ဖြစ်ပွားမှု လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမြင်အာရုံချို့ယွင်းမှုမရှိစေရေးအတွက် ငယ်စဉ်ကစ၍ မျက်စိကျန်းမာရေးကို အလေးထားဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု အားလုံးပူးပေါင်းပါဝင်၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မျက်စိအထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဌာနတွင် မျက်စိခွဲစိတ်မည့်ဝေဒနာရှင်များနှင့် မျက်စိစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ပေးနေမှုအပေါ် လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲနှင့် ဆက်ကပ်လှူဒါန်းပွဲ သွားရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ်ကိုယ်စားပြု ရာမညရက်ကန်းစင်တော်အသင်းကို တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်းပြိုင်ပွဲတွင် အသင်းသားများအားလုံးက တက်ညီလက်ညီကြိုးစားယှဉ်ပြိုင်ကာ ပထမဆုဖလားရရှိအောင် အကောင်းဆုံးစွမ်းဆောင်ကြိုးပမ်းပေးကြစေလိုကြောင်း ပြောကြားပြီး သွားရောက်ယှဉ်ပြိုင်မည့်အသင်းအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ထားသောလူနာများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေး တိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်ရောဂါလူနာများအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူနိုင်ရန် အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့တွင်ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အားပေးစကားပြောကြား

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူထားသောလူနာနှင့် အလှူရှင်များကိုတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများအား တွေ့ဆုံအားပေးကာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ အသက် (၃၁) နှစ်ရှိအမျိုးသားကျောက်ကပ်လူနာနှင့် ကျောက်ကပ်အလှူရှင် အစ်ကိုတော်စပ်သူ အသက်(၄၃)နှစ်အမျိုးသားတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့၍ စုစုပေါင်းခွဲစိတ်ချိန် ငါးနာရီ ကြာမြင့်ခဲ့သည်။

တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်နေ အသက် (၃၁)နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသမီး (သားဖွား ဆရာမ)နှင့် ကျောက်ကပ်အလှူရှင် မိခင်တော်စပ်သူ အသက် (၅၂)နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက်၉နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ခွဲစိတ်ကုသမှု ပြီးစီးခဲ့၍ စုစုပေါင်း ခွဲစိတ်ချိန် ငါးနာရီခွဲကြာမြင့်ခဲ့သည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူးပါမောက္ခဒေါက်တာကျော်စိုးကျော်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာသဇင်ခိုင်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမျိုးသန်း တို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)မှ ပါမောက္ခဒေါက်တာရည်ရည်ခိုင်၊ ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာငုဝါဝါမင်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခဒေါက်တာ ကြည်ကြည်စန်း တို့ပါဝင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာစန်းစန္ဒာခင်နှင့် တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းတို့ ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ စန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာခိုင်ဝင်းထွန်း၊ အထူးကုဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမိမိခိုင်တို့ ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ခိုင်ရွှေဝါ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ သူနာပြုကြီး ဒေါ်သက်ဆု၊ သူနာပြုကြီး ဒေါ်ဥမ္မာလွင်တို့ ဦးဆောင်သော ခွဲစိတ်ခန်းသူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံးပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်

ထားဝယ် အောက်တိုဘာ ၂၂

“အမြင်အာရုံကောင်းစေဖို့အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့”ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ(၂)၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက နှစ်စဉ် အောက်တိုဘာလ၏ ဒုတိယရက်သတ္တပတ်ကို “ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့” အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများက နှစ်စဉ်ကျင်းပရာ မြန်မာနိုင်ငံတွင် လည်း ၂၀၀၀ ပြည့်နှစ်မှစပြီး စတင် ကျင်းပကြောင်း၊ ရည်ရွယ်ချက် အနေဖြင့် မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုဖြစ်ကြောင်းကို သိရှိနားလည်ပြီး ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အခြားနီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများ အားလုံးက ပြည်သူလူထုနှင့်အတူ တက်ညီလက်ညီပူးပေါင်း၍ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် အမြင်အာရုံချို့ယွင်းမှုနှင့် မျက်မမြင်ဖြစ်ပွားမှုလျော့နည်းပပျောက်သွားစေရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ထားဝယ်မှ ဆေးရုံအုပ်ကြီး မျက်စိအထူးကု ဆရာဝန်ကြီး ဦးဆောင်သော ဆေးအဖွဲ့က ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအား မျက်စိစမ်းသပ်ကုသပေး၍ ကုသိုလ်ယူနေမှုကို ကြည့်ရှုအားပေးပြီး ပါဝါမျက်မှန်နှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကင်းဝေးရေး လိုက်လံအသိပေးနှိုးဆော်

တပ်ကုန်း အောက်တိုဘာ ၂၂

နေပြည်တော်တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ အသိပညာပေးနှိုးဆော်ခြင်းကို အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက မီးသတ်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်နှိုးဆော်ဆောင်ရွက်ခဲ့သည်။

အသိပေးနှိုးဆော်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ကြီးကြပ်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့်ဝန်ထမ်းများက မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများထားရှိရန်၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများအား စနစ်တကျငြိမ်းသတ်ပြီးမှ အိပ်ကြပါရန်၊ လျှပ်စစ်မီးအား သတိထားကိုင်တွယ်ကြရန်၊ တရားမဝင် လောင်စာဆီများသိုလှောင်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန်၊ လမ်းသွားရင်း ဆေးလိပ်သောက်သုံးခြင်း မပြုလုပ်ရန်၊ မိမိတို့နေအိမ်ပတ်ဝန်းကျင်ရှိ ရေအိုး၊ ရေစည်များကို ရေဖြည့်ထားရှိရန်နှင့် မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားပေါ်ပေါက်လာပါကလည်း မြို့နယ်မီးသတ်ဦးစီးဌာနထံသို့ သတင်းပေးပို့ဆောင်ရွက်သွားရန်တို့ကို မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းနှင့် မြဝတီ၊ ဘုရင့်နောင်၊ အောင်ဇေယျရပ်ကွက်များအတွင်း လမ်းများတစ်လျှောက် မီးသတ်ကားဖြင့် လှည့်လည် အသိပေးနှိုးဆော်ကြောင်း သိရသည်။

တင်စိုးလွင်

သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးနေမှုကို တွေ့ရစဉ်။

သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ် ဆက်လက်လက်ခံ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၆၀၇ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်သီပေါမြို့နယ်တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်အနောက်ပိုင်းခရိုင်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကမာရွတ်ခရိုင် ပညာရေးမှူး ဒေါက်တာစုစုလှိုင်က အမှာစကားပြောကြားပြီး စာရေးဆရာမပေါက်ပေါက်က “စာဖတ်ခြင်း၏ အကျိုးကျေးဇူး”ခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်သူအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် Social Media၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် စာပေ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

တိုင်းရင်းသားကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ထူးချွန်စွမ်းရည် ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနား ကျင်းပ

တိုက်ကြီး အောက်တိုဘာ ၂၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှု၊ တိုင်းရင်းသားရေးရာ ဝန်ကြီး၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းသားကျောင်းသား လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ထူးချွန်စွမ်းရည် ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ်ငါးလာချောင်းကျေးရွာအုပ်စု မူလွန်(အလယ်စု)၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်း၊ တိုက်ကြီးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးက အမှာစကား ပြောကြားကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပညာပြည့်ဝနလုံးလှသည့် လူငယ်များ ပေါ်ထွန်းလာရေး ပံ့ပိုးကူညီဆောင်ရွက်လျက် ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးက အားကစားပစ္စည်းများကို ပေးအပ်ရာ မူလွန်(အလယ်စု)မှ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တိုင်းရင်းသား ကျောင်းသားလူငယ်များ ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲတွင် အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး မဟာတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး မဟာတန်ဆောင်တိုင်ပွဲတော်အား ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မဟာတန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မကြာမီက ကျင်းပပြီးစီးခဲ့သည့် သီတင်းကျွတ်မီးထွန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ရာတွင် ပဲခူးမြို့သူ မြို့သားများက မိမိတို့နေထိုင်ရာ ပဲခူးမြို့၏ပုံရိပ် ထူးခြားကောင်းမွန်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်ကို မြင်တွေ့ရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရာသီအလိုက်ပွဲတော်များကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိပြီး မဟာတန်ဆောင်တိုင်ပွဲတော်အား ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိမြို့ဖများပူးပေါင်း၍ စတုဒိသာကျွေးမွေးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များအပြင် မီးပုံးပျံလွှတ်ပွဲ၊ စင်တင်တေးဂီတဖြင့် ဖျော်ဖြေခြင်းတို့ ထည့်သွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင်သည့် လေလမ်းကြောင်းအတိုင်း မီးသတ်ယာဉ်အသင့်၊ လူအသင့်ဖြင့် စနစ်တကျ နေရာချထားသွားရန်၊ တန်ဆောင်တိုင်ကာလ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အခြားအလှူအတန်းပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ပဲခူးမြို့၌ ယခင်နှစ်များနည်းတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အေးချမ်းလုံခြုံအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် မြို့မိမြို့ဖများက ပဲခူးမြို့ အစဉ်အလာအတိုင်း တန်ဆောင်တိုင်ပွဲတော်ကျင်းပနိုင်ရေး ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း ဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး (မောင်ရိုး-ငဖဲ)သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမကြီး၌ ကျောင်းသား ကျောင်းသူများအား အာစရိယအကြောင်း စာပေဗဟုသုတ ဆိုင်ရာများ ဟောပြောသည်။

ဦးစွာ သူနာပြုတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါက်တာဝေဝေဦးက အဖွင့်အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး (မောင်ရိုး-ငဖဲ)က အာစရိယဆရာအကြောင်းအရာနှင့် လွမ်းရတမ်းတပါ့ငါဖဲမြေ (ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့) ဆောင်းပါးများကို ဟောပြောသည်။

ယင်းနောက် စာပေဟောပြောပွဲတွင် မျှဝေပြောကြားခဲ့သည့် စာပေ၊ ဗဟုသုတဆိုင်ရာများနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဥသသ

မိုင်းရယ်မြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေး

မိုင်းရယ် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများက မဲစာရင်းပြည့်စုံမှန်ကန်စေရေး မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့က မြို့နယ်လဝကရုံး၌ ပြုလုပ်သည်။

တိုက်ဆိုင်စစ်ဆေး

ထိုသို့ တိုက်ဆိုင်စစ်ဆေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်လဝကရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရပ်/ကျေးစာရေးတို့က ရပ်ကွက်နှင့်ကျေးရွာအသီးသီးရှိ ထုတ်ပြန်ထားရှိသည့် မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေး၊ သေဆုံးစာရင်းများ ပါရှိပါက ပယ်ဖျက်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှစ်ကတ်ကိုင်ဆောင်သူများ မပါရှိစေရေး၊ မြေပြင်ရှိ၊ ခရီးလွန်၊ စစ်ဘေးရှောင်၊ မသန်စွမ်းစသည့် စာရင်းများကို ပုံစံ(၃)၊ ပုံစံ၃(က)၊ ပုံစံ(၄)၊ ပုံစံ၄(ဂ)၊ ပုံစံ(၁၅)တို့ဖြင့် လျှောက်ထားခြင်း၊ ကန့်ကွက်ခြင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တိုက်ဆိုင်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးမြို့နယ်၌ အောင်နိုင်တိုးမိုးစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

ပဲခူး အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော သမဝါယမအသင်းသားတောင်သူ ဦးအောင်မျိုးလတ်၏ မိုးစပါးသီးနှံ အောင်နိုင်တိုးအထွက်တိုး မျိုးစပါးရိတ်သိမ်းမှုအခြေအနေကို ပဲခူးမြို့နယ်သမဝါယမဦးစီးဌာနနှင့် ပဲခူးမြို့နယ် သမဝါယမအသင်းစုလီမိတက်မှ တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် သမဝါယမအသင်း ခြောက်သင်း၊ အသင်းသားတောင်သူ ၂၅၈ ဦး၏ မိုးစပါးသီးနှံ စိုက်ပျိုးဧက ၂၁၅၀ အနက် အိုးဘိုကျေးရွာ အိုးဘိုစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ အသင်းသား ဦးအောင်မျိုးလတ်၏ အောင်နိုင်တိုး အထွက်တိုးစပါးမျိုး သုံးဧကရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် တင်း ၁၂၀ ထွက်ရှိကြောင်းနှင့် တာဝန်ရှိသူများက အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၂

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံးမှ သင်ထောက်ကူယာဉ်ဖြင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပန်းတဉ်းဝန် ဦးရွှေဘင်လမ်းရှိ Myanmar S.Flaningo Co.,ltd. အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီး(အကြီးစား) စက်မှုဇုန် ဆရာစံလမ်းရှိ BE GE Garment Co.,ltd. အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီး(အကြီးစား) စက်မှုဇုန် မြဝတီမင်းကြီးလမ်းရှိ Huafa (Myanmar) Garment Co.,ltd. အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြဝတီမင်းကြီးလမ်းနှင့် ကရဏာလမ်းထောင့်ရှိ MAO FENG Garment Co.,ltd. အထည်ချုပ်စက်ရုံတို့၌ ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က အလုပ်ရှင်နှင့် အလုပ်သမားတို့အား အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပို၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ခလစာ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နေမျိုးအောင်(ဒဂုံတောင်)

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက် အောင်မြင်စွာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်ပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၂၂

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက်သည် အောင်မြင်စွာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်က အစ္စရေးနိုင်ငံသို့ ရောက်ရှိစဉ် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်သည့် အလားအလာများစွာ တွေ့မြင်ရကြောင်း ၎င်းက ပြောကြားသည်။

ဓားစာခံအချို့၏ရုပ်အလောင်းများကို ဟားမတ်စ်အဖွဲ့က ပြန်လည်ပေးအပ်ရန်နှောင့်နှေးမှုနှင့် ပတ်သက်၍ နားလည်ပေးနိုင်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

အချို့မှာ အပျက်အစီးများအောက်တွင် ရှိနေကြပြီး အခြားရုပ်အလောင်းများ၏နေရာကို မသိရသေးကြောင်း ၎င်းက ပြောသည်။

အကယ်၍ ဟားမတ်စ်က ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ပူးပေါင်းဆောင်ရွက်ခြင်း မပြုပါက ၎င်းတို့အား ချေမှုန်းပစ်မည်ဟု ထရမ့်၏ ပြောကြားချက်ကို အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်က ထပ်မံသတိပေးပြောကြားခဲ့သည်။

ဟားမတ်စ်က သဘောတူညီချက်အပေါ် ၎င်း၏ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့သည်။

ဓားစာခံနှစ်ဦး၏ ရုပ်အလောင်းများအား အပျက်အစီးများမှ ထုတ်ယူပြီး လွှဲပြောင်းလက်ခံရရှိခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။ ၎င်းတို့အား ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ရှေးဟောင်းလက်ဝတ်ရတနာများ ခိုးယူခံရပြီးနောက် သုံးရက်အကြာတွင် လုဗ်ပြတိုက် ပြန်လည်ဖွင့်လှစ်

ပါရီ အောက်တိုဘာ ၂၂

ရှေးဟောင်းလက်ဝတ်ရတနာများ ခိုးယူခံရပြီးနောက် သုံးရက်အကြာ အောက်တိုဘာ ၂၂ ရက်တွင် လုဗ်ပြတိုက်ကို ပြန်လည်ဖွင့်လှစ်ကြောင်း သိရသည်။

သို့သော် လက်ဝတ်ရတနာများပြသထားရှိသည့် အပိုလိုပြခန်းကို ပိတ်ထားဆဲဖြစ်ကြောင်း ပြတိုက်တာဝန်ရှိသူများက ပြောကြားသည်။

ပြတိုက်မှ ခိုးယူခံရသော လက်ဝတ်ရတနာများသည် ယူရိုသန်း ၈၀ နီးပါး တန်ကြေးရှိကြောင်း ပါရီအစိုးရရှေ့နေ လောရီဘီကျူရာက ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါပျက်စီးဆုံးရှုံးမှုသည် သမိုင်းဝင်ပြီး အလွန်အံ့မခန်းဖွယ်ပမာဏဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

လုဗ်ပြတိုက်တွင်ပြသထားသည့် ပြင်သစ်သရဖူ အပါအဝင် ရတနာရှစ်မျိုးကို အောက်တိုဘာ ၁၉ ရက်တွင် ဖောက်ထွင်းသူလေးယောက်က ခိုးယူခဲ့သည်။ သံသယရှိသူများကို ခြေရာခံကာ စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပါရီအစိုးရရှေ့နေရုံး၏ ညွှန်ကြားမှုဖြင့် သူခိုးများကို အမြန်ဆုံးဖမ်းမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်နိုင်ငံ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ယခုနှစ်ရာသီအတွင်း ပထမဆုံး ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွား

တိုကျို အောက်တိုဘာ ၂၂

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးခရိုင် မြောက်ပိုင်းရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ယခုနှစ်ရာသီအတွင်း ပထမဆုံး ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ဂျပန်အာဏာပိုင်များက ယနေ့ အတည်ပြုခဲ့သည်။

ရှိရာအိုမြို့ရှိ ခြံတစ်ခြံ၌ ကြက်အများအပြား သေဆုံးခဲ့ကြောင်း ကြက်ခြံအလုပ်သမားများက ပြောကြားသည်။ အဆိုပါသေဆုံးသည့်ကြက်များကို စမ်းသပ်စစ်ဆေးရာတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိခဲ့သည်။

အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းတွင် ဟော့ကိုင်းဒိုးခရိုင် အာဏာပိုင်များက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

မျိုးရိုးဗီဇစစ်ဆေးချက်များအရ အဆိုပါကြက်များတွင် ပြင်းထန်သောရောဂါဖြစ်စေနိုင်သည့် H5 ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။

တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက မွေးမြူရေးခြံ၌ ကြက်အကောင်ရေ ၄၅၉၀၀၀ ခန့်ကို စတင်သုတ်သင်နေပြီဖြစ်သည်။ ၎င်းကြက်များသည် ဟော့ကိုင်းဒိုးရှိ ဥစားကြက်အားလုံး၏ ရှစ်ရာခိုင်နှုန်းဖြစ်သည်။

အာဏာပိုင်များက အဆိုပါမွေးမြူရေးခြံအတွင်း ကြက်နှင့်ဥများ ရွှေ့ပြောင်းခြင်းကိုလည်း တားမြစ်ထားကြောင်း သိရသည်။

ခရိုင်အတွင်းရှိ အခြားမွေးမြူရေးခြံများကို နိုဝင်ဘာ ၂ ရက်တွင် ပိုးသတ်ရန် စီစဉ်ထားသည်။

ဗိုင်းရပ်စ်ပိုးသယ်ဆောင်သည့် ရွှေ့ပြောင်းငှက်များသည် ဂျပန်နိုင်ငံသို့ လမ်းကြောင်းအမျိုးမျိုးမှဝင်ရောက်လာသည့် အတွက် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားခြင်းဖြစ်ကြောင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြစ်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းဖြစ်ပွား

မဲဘုန်း အောက်တိုဘာ ၂၂

ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းများဖြစ်ခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ကြောင့် နိုင်ငံသားများအား သတိပြုနေထိုင်ရန် တာဝန်ရှိသူများက အောက်တိုဘာ ၂၂ရက်တွင် သတိပေးခဲ့ကြောင်း သိရသည်။ နယူးဆောက်ဝေးပြည်နယ်နှင့် နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် လေပြင်းများတိုက်ခတ်ခဲ့ပြီး ကွင်းစလန်းပြည်နယ်နှင့်နိုင်ငံမြောက်ပိုင်းတွင် အပူလှိုင်းဆိုင်ရာ သတိပေးချက်များထုတ်ပြန်ခဲ့သည်။

အရှေ့ကမ်းရိုးတန်းဒေသတွင် အပူချိန် ၃၅ ဒီဂရီ ဆဲလ်စီးယက်စ်အထိရှိခဲ့ကာ ဆစ်ဒနီနှင့် ပတ်ဝန်းကျင်ဒေသများတွင် လေပြင်းတိုက်ခတ်ခဲ့သဖြင့် မီးလောင်ကျွမ်းမှုကာကွယ်ရေး သတိပေးချက်ထုတ်ပြန်ခဲ့ရသည်။ နယူးဆောက်ဝေးပြည်နယ်ရှိဒေသခံများအား သဘာဝဘေးမှ ရှောင်ရှားနိုင်ရေးအတွက် အိမ်ပြင်ပသို့ မထွက်ရန်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပြည်နယ်ကျန်းမာရေးဝန်ကြီး ရိုင်ယန်ပတ်ဒ်က ပြောကြားသည်။

နယူးဆောက်ဝေး ပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် အောက်တိုဘာ ၂၁ရက်က အပူချိန် ၄၄ဒသမ ၈ ဒီဂရီဆဲလ်စီးယက်စ် နှင့် ၄၆ ဒသမ ၁ ဒီဂရီဆဲလ်စီးယက်စ်အထိ ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၂ရက်တွင် လေပြင်းများတိုက်ခတ်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

တူကီယဲတပ်မတော်တပ်ဖွဲ့ဝင်များက အီရတ်နှင့် ဆီးရီးယားနိုင်ငံများတွင် နောက်ထပ်သုံးနှစ် ထပ်မံတပ်စွဲမည်

အန်ကာရာ အောက်တိုဘာ ၂၂

တူကီယဲတပ်မတော်တပ်ဖွဲ့ဝင်များအား အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင် နောက်ထပ်သုံးနှစ် ထပ်မံတပ်စွဲမည့်အစီအစဉ်ကို တူကီယဲပါလီမန်က အောက်တိုဘာ ၂၁ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

သမ္မတ အာဒိုဂန်တင်သွင်းသည့် ၎င်းအဆိုကို ပါလီမန်အတွင်း အများစုက ထောက်ခံခဲ့ကြောင်း အနာဒိုလူ သတင်းအေဂျင်စီသတင်းအရ သိရသည်။ ၎င်းနိုင်ငံများရှိ စစ်သွေးကြွအဖွဲ့များဖြစ်သည့် အိုင်အက်စ်နှင့် ကာဒစ္စတန်လုပ်သားပါတီအဖွဲ့ဝင်များအား တိုက်ခိုက်ရန်လိုအပ်သဖြင့် ၎င်းအစီအစဉ်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ တူကီယဲတပ်ဖွဲ့ဝင်များ၏ အီရတ်နှင့်ဆီးရီးယားတွင် စစ်ဆင်ရေးဆောင်ရွက်ရန် ခွင့်ပြုကာလသည် အောက်တိုဘာ ၃၀ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ တူကီယဲတပ်ဖွဲ့ဝင်များသည် အီရတ်နှင့် ဆီးရီးယားရှိ စစ်သွေးကြွများအား တိုက်ခိုက်ရန် ပြီးခဲ့သည့်နှစ်များအတွင်းက စတင်တပ်စွဲခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၃ ဒသမ ၉၄၅၈ တန်၊ သစ်မာ ၂၅ ဒသမ ၉၆၈၆ တန်၊ အခြား ၂၀ ဒသမ ၅၆၀၆ တန် စုစုပေါင်း ၆၀ ဒသမ ၄၇၅၀ တန်၊ ယာဉ် / ယန္တရားလေးစီး၊ ပြစ်မှုကျူးလွန်သူ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် မြစ်ကြီးနားမြို့ ယုဇနကွက်သစ်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ပန်းဘဲတန်းရပ်ကွက်၌ တရားမဝင် ရှွေတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် ၁၀ လက်မ သံပိုက် ၂၅ ချောင်း အပါအဝင် ဆက်စပ်ပစ္စည်း ၁၂၆ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၆၅၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၁၄ ဒသမ ၄၉၃ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၃၉၁၃၈၅၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

U Beam (Assorted Size)

ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် တောင်ကြီးမြို့နယ် ရပ်စောက် – ရွှေညောင်လမ်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၁ မျိုး၊ စားသောက်ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Hiace တစ်စီး၊ Istana Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၁၃၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၅၂၀၄၁၆၈၅၆ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အိမ်သုံးမီတာများ တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ အောက်တိုဘာ ၂၂

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ အိမ်သုံးမီတာများ တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု မရှိစေရေး ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေး

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော ဝန်ထမ်းများက မိတ္ထီလာမြို့နယ် အတွင်း တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများ၏ ယူနစ်ဖတ်ချက်များ မှန်ကန်စေရေး၊ ဓာတ်အားသုံးစွဲမှု စနစ်တကျရှိစေရေး၊ ဓာတ်အားခပေးဆောင်မှုနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၀-၂၀၂၅ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ အဘိဓမ္မာကင်းသရိုက်တရားတော် (မေတ္တာသုတ်၊ ရတနာသုတ်၊ ဓမ္မစကြာသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ တန်ဖိုးရှိသောမဲတစ်ပြား(ရဲရင့်ဝေလွင်)
၀၉:၃၀ NRC အစီအစဉ်
၁၀:၃၀ အနုမဲပေးကြပါ(အောင်ကိုလတ်)
၁၁:၄၀ NEXT LEVEL
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'စံဘီစ်ဝတ်ဓါ' (အပိုင်း–၂)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမြို့ဖြ' (အပိုင်း–၆၊၇)
၁၆:၃၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရောင်နာထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) အကြောင်းသိကောင်းစရာ
၁၇:၁၀ Soccer View
၁၇:၂၅ လူမှုစီးပွားသတင်းများ
၁၇:၄၅ သန်းခေါင်စာရင်း TV Spot ၊ သန်းခေါင်စာရင်းတေး
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဆက်
၁၈:၄၅ သံစဉ်ဝေဖြာဂီတရီမိုဒီယိုတေးကမ္ဘာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လက်ဆောင်' (အပိုင်း–၇)
၁၉:၄၅ တူတူပဲသွားပေးကြစို့ (မိုးယံခွန်၊ နန်းဆုရတီစိုး၊ ရတနာမိုင်၊ သရုပ်ဆောင်–ထွန်းကိုကိုယွန်းယွန်း၊ သဉ္ဇာ)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဆက်
၂၁:၁၀ သံစဉ်ဝေဖြာဂီတရီမိုဒီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမြို့ဖြ' (အပိုင်း–၁၅)

mitv

07:01 Evergreen Classic: Than Thayar Kayee Thel
07:07 The Greatest Traditional Custom
07:41 Healthy Diet: Keto Diet
07:51 Myanma MSME with productivity and innovation (Sausage)
08:26 What it takes to fight wildfires in an era of climate change
08:32 The Lapidarist
08:47 Energy for Generations: The Myanmar-Russia Nuclear Partnership
09:01 Alms Bowl
09:20 Travel around the world: Maliwun Waterfall & Hot Spring
09:32 Underwater Photographer

Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(မွန်)
၀၆:၅၀ မြန်မာသံစဉ်တေးများ
၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လျှို့ဝှက်ကောင်းမှုများခေတ်' (အပိုင်း–၇)
၀၈:၀၀ ဂီတရီမိုဒီယိုတေးများ
၀၈:၂၅ ဆိုကရေတီးဆုရ(ဆိုင်းအတီးပြိုင်ပွဲ၊ တစ်ဦးချင်းအက၊ ယိမ်းအက)
၀၉:၃၅ ဂီတရီမိုဒီယိုတေးများ
၀၉:၅၅ မြန်မာရုပ်ရှင်(ပြွမည်း) 'ဒဿဂီရိအသည်း'

MRTV NRC

ဝေဘောကရင် (၀၆:၀၀ မှ ၀၇:၀၀)
နှလုံးရောဂါအကြောင်းသိကောင်းစရာ

အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
လျှာလည်သွားစေမယ့်ခရုသုပ်

အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အဖိမြန်မာပြည် (အပိုင်း–၃)

ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)
အောက်ချင်းငှက်တေးသံ (ပိုမိုလှပလာတဲ့ချင်းပြည်)

ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း–၁၂)

မွန် (၁၁:၀၀ မှ ၁၃:၀၀)
ရာမညမြေမှ ယကျှဒီပ(ဘီလူးကျွန်း) သီးသန့်ရုပ်ဝန်းလေးသို့

ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)
ထိန်းသိမ်းစို့လေ ရိုးရာအငွေ့(ရထားဆွဲပွဲ)

ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)
ကလိတာဓါကောင်းကျိုးဆိုးကျိုးများ

ဝ (၁၇:၀၀ မှ ၁၉:၀၀)
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့ (အပိုင်း–၂)

ကချင် (၁၉:၀၀ မှ ၂၁:၀၀)
မူလာရှီးဒီးသို့ အလည်တစ်ခေါက်

ကယား (၂၁:၀၀ မှ ၂၃:၀၀)
စိတ်ဝင်စားဖွယ်ကယားမြေက အောင်သမြေလိုက်ရှု

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၄၅ Football Highlights
၁၈:၄၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၁၀:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း–၂)
၁၀:၄၅ ရှေးသို့ရှိမည်ပန်းတိုင်ဆီ (အပိုင်း–၇၄)

MRTV FARMERS HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၀၂ Massive green bean harvest from the front yard trilles
၁၀:၃၅ Garden Tour July 2023 (P-1)
၂၀:၀၀ အရိပ်ပမာ(ဇာတ်လမ်း)
၂၁:၃၀ Arthur Christmas (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ အချိန်လွန်နောင်တ(ဇာတ်လမ်းတို)
၁၇:၀၀ အားကစားသတင်း
၁၉:၀၀ AFC Futsal Asia Cup 2026 (Afghanistan Vs Myanmar)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို
[illegible]
[illegible]
[illegible]

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်မှုသတင်းထုတ်ပြန်ခြင်း

နေပြည်တော် အောက်တိုဘာ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံခြားသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အချိန်ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်ကို ဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား အမျိုးသား ၈၇၁၀ နှင့် အမျိုးသမီး ၇၉၆ ဦး စုစုပေါင်း ၉၅၀၆ ဦး၊ မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်လေဆိပ်မှတရားဝင် ဝင်ရောက်လာပြီး မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး (KK Park) နယ်မြေများသို့ ရောက်ရှိသွားသည့် နိုင်ငံခြားသားအမျိုးသား ၄၄ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၅ ဦးတို့ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်း နိုင်ခဲ့သဖြင့် စုစုပေါင်းနိုင်ငံပေါင်း ၄၀ မှ နိုင်ငံခြားသား အမျိုးသား ၈၇၅၄ ဦးနှင့် အမျိုးသမီး ၇၉၇ ဦး စုစုပေါင်း ၉၅၅၁ ဦးဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားသားများအား ၎င်းတို့ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်၍ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် ပြည်နှင့်လွှဲပြောင်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နိုင်ငံခြားသား အမျိုးသား ၈၅၆၀၊ အမျိုးသမီး ၇၇၉ ဦး စုစုပေါင်း ၉၃၃၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများဖြင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

ကျန်ရှိနေသည့် ပြည်ပနိုင်ငံသား အမျိုးသား ၁၉၄ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၁၂ ဦးတို့ကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဒိုက်ဦးအကျဉ်းထောင်တွင် အကျဉ်းသားများကို မတရားဒေါက်ခတ်တိုက်ပိတ်ထားသည်ဟူသော ခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၂၂

ဒိုက်ဦးအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား ၁၆ ဦးကို ထောင်အတွင်း လူစုလူဝေး ပြုလုပ်သည်ဟုဆိုကာ မတရားဒေါက်ခတ်တိုက်ပိတ်ထားသည် ဟူသောခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၁၁ ရက်က မဟုတ်မမှန်လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အောက်တိုဘာ ၂ ရက်က ရေကန်တာဝန်ပေးအပ်ထားသော အကျဉ်းသား ကျော်ရဲလွင်သည် အကြိမ်းဖက်-၅၀(စျ)၊ ရာ-၃၀၂(၂)/၁၁၄ တို့ဖြင့် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား ဝင်းသူရအား စားကြွင်းစားကျန်ငါးရိုးနှင့် ထမင်းများကို ရေကန်ရေမြောင်းအတွင်းသို့ မစွန့်ပစ်ရန်၊ စည်းကမ်းအတိုင်း စားကြွင်းစားကျန်စွန့်သည့် အမှိုက်ပုံးအတွင်းပစ်ရန် တာဝန်အရ ပြောဆိုခဲ့ရာ အကျဉ်းသား ဝင်းသူရက ရေကန်တာဝန်ကျအကျဉ်းသား ကျော်ရဲလွင်အား ထိုးကြိတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း။

ထိုသို့ဖြစ်ပွားခဲ့သည့်အတွက် အိပ်ဆောင်မှူးအရာရှိက ခိုက်ရန်ဖြစ်ပွားသော အကျဉ်းသားနှစ်ဦးအား ရုံးခန်းတွင် ခေါ်ယူမေးမြန်းဖြေရှင်းပေးနေစဉ် အကျဉ်းသား ဉာဏ်လင်းနိုင်နှင့် အကျဉ်းသားအချို့တို့သည် စုဝေးအုပ်စုဖွဲ့၍ အိပ်ဆောင်မှူးအရာရှိအား ကျေနပ်မှုမရှိကြောင်း ပြောကြားပြီး အိပ်ဆောင်အတွင်း ဆူပူအုံကြွမှုဖြစ်စေရန် လှုံ့ဆော်ခြင်းများ ဆောင်ရွက်လာကြောင်း၊ စည်းကမ်းထိန်းသိမ်းရေးရုံးတာဝန်ခံဦးစီးအရာရှိက ခိုက်ရန်ဖြစ်ပွားသည့် အကျဉ်းသားနှစ်ဦးကိစ္စကို ဖြေရှင်းပေးမည်ဟု ရှင်းလင်းပြောကြားခဲ့ပြီး မသက်ဆိုင်သည့် အကျဉ်းသားများအနေဖြင့် အိပ်ဆောင်သို့ပြန်ရန် ပြောကြားခဲ့သော်လည်း နာခံမှုမရှိဘဲ စည်းကမ်းထိန်းသိမ်းရေးရုံးတွင် ဆူပူအော်ဟစ်ပြောဆိုကာ အကျဉ်းထောင်၏ လုံခြုံရေးကို ထိခိုက်စေရန် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကြောင့် တာဝန်ခံအရာရှိက အကျဉ်းထောင်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ် ၄၃၈ အရ တိုက်တွင် သီးခြားခွဲ၍ ထားရှိခြင်းသာဖြစ်ပြီး ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးကာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းရေးသားဖော်ပြခြင်းသာဖြစ်ကြောင်း သိရသည်။

သစ္စာ

မအူပင်မြို့ပေါ်ရှိ အလက(၁)၌ မီးဘေးလုံခြုံမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မအူပင် အောက်တိုဘာ ၂၂

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ အလက(၁) မဲရုံအမှတ်(၁)၌ မီးဘေးလုံခြုံမှု ရှိ၊ မရှိ လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးပလတ်ခုံများ လုံခြုံစိတ်ချမှု ရှိ၊ မရှိကို ယနေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးသည်။

သရုပ်ပြဆောင်ရွက်

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မအူပင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ ပူးပေါင်း၍ မီးဘေးအန္တရာယ် မဖြစ်ပွား မပေါ်ပေါက်စေရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေးဟောပြောသည်။ ယင်းနောက် မီးသတ်ဆေးဘူး ထားရှိမှုများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးခလုတ်များ ကောင်းမွန်မှု ရှိ၊ မရှိကို စမ်းသပ်စစ်ဆေးကြပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

သရက်ချောင်းမြို့နယ်၌ အသိပညာပေးဟောပြော

သရက်ချောင်း အောက်တိုဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနက ရာသီဥတုပြောင်းလဲမှုသဘာဝဘေးအန္တရာယ်နှင့် မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အထက(ခွဲ) တီတွတ်ပြင်တွင် ကျင်းပသည်။

ဦးစွာ သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးဦးက ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုခြင်း၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ စသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

သာယာဝတီမြို့နယ်၌ မူလတန်းကြိုကျောင်းပေါင်းစုံ စုပေါင်းဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

သာယာဝတီ အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်းပေါင်းစုံ စုပေါင်းဉာဏစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က ဆရာစံခန်းမ၌ ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်ခဲ့သည့် ဆုရ ရင်သွေးငယ်များက ဖျော်ဖြေကြပြီး ဆုရ ရင်သွေးငယ်များအား သာယာဝတီခရိုင်လူမှုဝန်ထမ်းရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ မီးဘေးလုံခြုံရေးစစ်ဆေး

ကျောင်းကုန်း အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဥယျာဉ်လမ်းရှိ “ကံ့ကော်မြိုင်” ကိုယ်ပိုင်အထက်တန်းကျောင်းအား ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး စစ်ဆေးကြသည်။

အဆိုပါအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်၍ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းတို့က “ကံ့ကော်မြိုင်” ကိုယ်ပိုင်အထက်တန်းကျောင်းတွင် မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် မီးသတ်ဆေးဘူးထားရှိမှုတို့ကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပ

မကွေး အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၂၀၂၅-၂၀၂၈) သက်တမ်း ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မကွေးမြို့ နန်းထိုက်သူဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားကာ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဇော်က အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်က အသင်းပြန်လည်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး (၂၀၂၃- ၂၀၂၅) မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်ဟောင်းများက နုတ်ထွက်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးငွေးမိုးက မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ၂၀၂၅- ၂၀၂၈ မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ ရွေးချယ်ကြေညာခဲ့သည်။

ယင်းနောက် ၂၀၂၅-၂၀၂၈ မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

ပန်းတောင်းမြို့နယ်၌ မကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍ အသိပညာပေး

ပန်းတောင်း အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ လတ်သူသူကျော်နှင့် ဥသျှစ်ပင်မြို့ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများက မကူးစက်တတ်သော ရောဂါများနှင့် ပတ်သက်၍ ဖြစ်ပွားမှုနှုန်း၊ အန္တရာယ်နှင့် ကာကွယ်ကုသနည်းများကို ယနေ့နံနက်ပိုင်းက ဥသျှစ်ပင် ကျေးလက်ကျန်းမာရေးဌာနတွင် အသိပညာပေးဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လတ်သူသူကျော်က မကူးစက်တတ်သော ရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို၊ နှလုံး စသည့် ရောဂါများအကြောင်း၊ ရောဂါဖြစ်ပွားရသည့် အဓိက အကြောင်းရင်းများ၊ နောက်ဆက်တွဲဆိုးကျိုးများ၊ ကာကွယ်ကုသခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး အကြံပြုခဲ့ပြီး မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဥသျှစ်ပင်မြို့ ကျေးလက်ကျန်းမာရေး ဌာန ဝန်ထမ်းများက ဆီးချို၊ သွေးတိုး လူနာ ၄၁ ဦးအား အခမဲ့စမ်းသပ် ကုသပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

အင်္ဂပူမြို့နယ်၌ သမဝါယမအသင်းသားများအား သွင်းအားစုဓာတ်မြေသြဇာများပေးအပ်

အင်္ဂပူ အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ မိုး၊ ဆောင်း မြေပဲ စိုက်/ထွေ သမဝါယမအသင်းသားများအား ယမန်နေ့က တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများ ပံ့ပိုးပေးအပ်သည်။

သွင်းအားစု ဓာတ်မြေသြဇာများ ပေးအပ်ခြင်းကို မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင် ဦးဆောင်သော တာဝန်ရှိသူများက အုတ်ရစ်ကုန်းကျေးရွာ ရွှေမေတ္တာ မြေပဲ စိုက်/ထွေသမဝါယမအသင်းမှ မြေပဲစိုက်ဧက ၁၀၆ ဧကအတွက် တစ်ဧကလျှင် တန်ဖိုးကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုဓာတ်မြေသြဇာများ၊ ဘုရားငုတ္တိုကျေးရွာ မိုးဆောင်း မြေပဲစိုက်/ထွေသမဝါယမ အသင်းမှ မြေပဲစိုက်ဧက ၁၂၅ ဧကအတွက် တစ်ဧကလျှင် တန်ဖိုးကျပ်နှစ်သိန်းနှင့် ညီမျှသော သွင်းအားစု ဓာတ်မြေသြဇာများ၊ အုတ်တွင်းကျေးရွာ အောင်မြင်ဖြိုး စိုက်/ထွေ သမဝါယမအသင်းမှ စိုက်ဧက ၂၀၀ အတွက် တစ်ဧကလျှင် တန်ဖိုးကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစု ဓာတ်မြေ သြဇာများ၊ ထူးဝကျေးရွာ ထူးဝ စိုက်/ထွေ သမဝါယမအသင်းမှ စိုက်ဧက ၅၀ အတွက် တစ်ဧကလျှင် တန်ဖိုးကျပ်နှစ်သိန်းနှင့်ညီမျှသော စုစုပေါင်း တန်ဖိုးငွေကျပ် ၉၆၂ သိန်း တန်ဖိုးရှိ သွင်းအားစု ဓာတ်မြေသြဇာများကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၀-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၇၀၅	၂၈၂၀	၂၇၈၅	၂၇၂၀	၂၈၂၅	၂၈၄၀	၂၈၅၅	၂၇၇၅	၄၅၀၅	၃၀၇၀	၂၇၉၅	၂၈၅၅	၂၈၆၅	၂၈၃၀	၂၈၅၀	၃၁၁၀
95 Ron	၂၇၉၀	၂၉၀၅	၂၈၇၀	၂၈၀၅	၂၉၁၀	၂၉၂၅	၂၉၄၅	၂၈၆၅	၄၅၆၀	၃၁၅၅	၂၈၈၀	၂၉၃၅	၂၉၅၀	၂၉၁၅	၂၉၄၀	၃၁၉၅
HSD (500 ppm)	၂၄၆၅	၂၅၇၅	၂၅၄၅	၂၄၈၀	၂၅၈၅	၂၆၀၀	၂၆၁၅	၂၅၃၅	-	၂၈၃၀	၂၅၅၀	၃၁၇၀	၂၆၂၅	၂၅၉၀	၂၆၁၀	၂၈၆၅
HSD (50 ppm)	၃၀၀၀	၃၁၁၅	၃၀၈၀	၃၀၁၅	၃၁၂၀	၃၁၃၅	၃၁၅၅	၃၀၇၀	၄၈၃၀	၃၃၆၅	၃၀၉၀	၃၁၈၅	၃၁၆၀	၃၁၂၅	၃၁၄၅	၃၄၀၅
HSD (10 ppm)	၃၀၀၀	၃၁၁၅	၃၀၈၀	၃၀၁၅	၃၁၂၀	၃၁၃၅	၃၁၅၅	၃၀၇၀	-	၃၃၆၅	၃၀၉၀	၃၁၈၅	၃၁၆၀	၃၁၂၅	၃၁၄၅	၃၄၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၄၄	၂၆၂၉
95 Ron	၂၆၂၉	၂၇၁၅
HSD (500 ppm)	၂၃၁၁	၂၃၀၆
HSD (50 ppm)	၂၀၃၂	၂၉၁၈
HSD (10 ppm)	၂၀၃၂	၂၉၁၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

လှည်းကူး အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး၌ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦးက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်အခွန်ထမ်းဦးရေ စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❂ ပီအက်စ်ဂျီမှ

ယူနီယံစိန့်ဂီလွိုက် အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ဘာစီလိုနာအသင်းက အိုလံပီယာကို့စ်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ဒေါ့မွန်အသင်းက ကိုပင်ဟေဂင်အသင်းကို လေးဂိုး-နှစ်ဂိုး၊ နယူးကာဆယ်အသင်းက ဘင်ဖီကာ အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ပီအက်စ်ဗွီအသင်းက နာပိုလီအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ မန်စီးတီးအသင်းက ဗီလာရီးယဲလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး ကိုင်ရက်အသင်းနဲ့ ပါဖို့စ်အသင်းတို့ ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အိုလံပီယာကို့စ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ဖာမန်လိုပက်က ဟက်ထရစ်သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

ကချင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ (ဖိုရမ်)သို့ တက်ရောက်

မြစ်ကြီးနား အောက်တိုဘာ ၂၂

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနက စီစဉ်ကျင်းပသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ (ဖိုရမ်)ကို ယနေ့ နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်းရှိ မဂ္ဂလာခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ တက်ရောက်ကြပြီး ဖိုရမ်ကို လော်ဝေါ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က တေးသီချင်း သရုပ်ဖော်အကအလှဖြင့် ဖျော်ဖြေတင်ဆက် ဖွင့်လှစ်ပေးကြသည်။

ပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဖိုရမ်ကို ကျင်းပပေးခြင်းဖြင့် နိုင်ငံတော်၏ အသက်ဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပိုမိုသိရှိလေ့လာနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ စကား၊ စာပေနှင့် ဒေသဖွံ့ဖြိုးရေးများကို ပိုမိုထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများ၊ ရပိုင်ခွင့်များကို ပြည့်ဝစွာနားလည်ပြီး အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် အစိုးရ အပြန်အလှန်နားလည်ယုံကြည်မှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအားလုံးအတွက် နိုင်ငံသားအခွင့်အရေးများ၊ တိုင်းရင်းသားအခွင့်အရေး ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ သိရှိနားလည်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဖိုရမ်ကို စတင်ကျင်းပရာ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပထဝီနိုင်ငံရေးနှင့် သမိုင်းကြောင်းခေါင်းစဉ်ဖြင့် မြန်မာ့ပထဝီနိုင်ငံရေး၊ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ လက်ရှိကမ္ဘာ့အခြေအနေနှင့် ပြည်ထောင်စုစိတ်ဓာတ် စသည့်အကြောင်းအရာများကိုလည်းကောင်း၊ စာရေးဆရာအကြီးကိုကို(ကသာ)က ငါတို့ နိုင်ငံ၊ ငါတို့လူငယ်၊ ငါတို့အနာဂတ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ်
ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

ပုသိမ် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိမ်းလဲ့ရေကြည်ခန်းမ၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းဖော်ပြချက် ကမ္ဘာပေါ်ရှိလူဦးရေ တစ်ဘီလီယံခန့်သည် အမြင်အာရုံထိခိုက်မှုများကို ခံစားနေကြရပြီး ၎င်းတို့အနက် အမြင်အာရုံထိခိုက်မှု၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ ရနိုင်သည်ကို သိရှိရကြောင်း၊ မြန်မာနိုင်ငံတွင် မျက်စိမမြင်ခြင်းကို ဖြစ်စေနိုင်သောရောဂါများမှာ အတွင်းတိမ်ရောဂါ၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရေတိမ်ရောဂါနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့် ဖြစ်သောရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ မျက်စိကွယ်ခြင်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ အတွင်းတိမ်ရောဂါ လျော့နည်းကျဆင်းစေရေးအတွက် အတွင်းတိမ်ခွဲစိတ်ခြင်းကို ဆေးရုံများတွင် သာမက ကွင်းဆင်း၍ အတွင်းတိမ်ခွဲစိတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ဆောင်ပုဒ်မှာ "အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့" "Love Your Eyes" ဖြစ်ကြောင်း၊ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာ ရရှိဆောင်ရွက်နိုင်စေရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မျက်စိခွဲစိတ်ကုသမှု အစီအစဉ်အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တွံတေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု
ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

တွံတေး အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အလယ်ချောင်းကျေးရွာရှိ အထက(အလယ်ချောင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးသန်းနိုင်က စားသုံးသူရေးရာအကြောင်းဟောပြောကာ စာရေးဆရာ ဝင်းထွဋ်ဦးက စာဖတ်ရခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

အားကောင်းသောအပူပိုင်းမုန်တိုင်း ဖန်ရှန် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်"သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်"၏
တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်"သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၇ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၁၀ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့် ဖြစ်သည်။

နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောအပူပိုင်းမုန်တိုင်း"ဖန်ရှန်"သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထိုမှတစ်ဆင့် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများမှတစ်ဆင့် လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။



Japan Meteorological Agency(JMA) မှ
အားကောင်းသော အပူပိုင်းမုန်တိုင်း"ဖန်ရှန်" လမ်းကြောင်းပြပုံ

မိုး/ဇလ

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့်ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

သဃ်န်းကျွန်းမြို့နယ် YCDC Sports Complex Centre ၌ YCDC INVITATION FUTSAL CUP 2025 ဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ YCDC INVITATION FUTSAL CUP 2025 ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် YCDC Sports Complex Centre ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး YCDC INVITATION FUTSAL CUP 2025 အဖွင့်ပွဲစဉ်အဖြစ် YCDC MARGA FC အသင်းနှင့် BURMESES WARRIORS FC အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ YCDC INVITATION FUTSAL CUP 2025 ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၃၂ သင်းတို့ဖြင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် YCDC Sports Complex Centre အနီး ကမာကြည်လမ်းနှင့် မြဝတ်ရည်လမ်းထောင့် ငမိုးရိပ်ချောင်းဘေးရှိ ပန်းခြံတွင် အလှပန်းပင်များ စိုက်ပျိုးထားရှိမှု၊ သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှုနှင့် လူသွားစင်္ကြံဆောင်ရွက်နေမှုအခြေအနေများ၊ YCDC Sports Complex Centre အတွင်းရှိ ရိုးရာခြင်းလုံးကစားကွင်း၊ ပိုက်ကျော်ခြင်းကွင်းများ တည်ဆောက်ပြီးစီးမှု၊ ဘော်လီဘောအားကစားကွင်း တည်ဆောက်ပြီးစီးမှု၊ ဘတ်စကက်ဘောအားကစားကွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေး

ထန်းတပင် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်သီရိမင်္ဂလာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန

မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးပညာရှင်များက သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရေး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အချိုးညီ အချိန်ကိုက် သုံးစွဲရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရွှေတောင်သူကြီး မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း သမဝါယမအသင်းမှ မိုးစပါးရိတ်သိမ်းမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တောင်ကြီး အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဟဲကယ်ကျေးရွာရှိ စီမံကိန်းသီးနှံ (သက်တံ့ရောင်စီမံကိန်း)စိုက်ပျိုးလျက်ရှိသည့် ရွှေတောင်သူကြီးမျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါးရိတ်သိမ်းမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ရွှေတောင်သူကြီး မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းနေသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာ တစ်ကေလျှင် တင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။

ဝိုးတောင်း

❍ MNL မှ

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၃၊ ၄၂ မိနစ်တွင် မင်းဆန်း၊ ၃၉၊ ၈၆ မိနစ်တွင် ကျော်လွင်ထွေး၊ ၆၄ မိနစ်တွင် စိုင်းဇွန်ဆိုင်းက သွင်းယူခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲပြီးခါနီးတွင်ပေးလိုက်ရသည့် ချေပဂိုးကြောင့် နိုင်ပွဲနှင့်လွဲချော်ကာ တတိယနေရာနှင့်လွဲချော်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ၆၅ မိနစ်တွင် လမင်းပြည့်စုံက သွင်းယူပြီး Junior Lions အသင်းအတွက် ချေပဂိုးကို ၉၀+၃ မိနစ်တွင် သီဟအောင်က သွင်းယူသည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ရာသီပိတ်ပွဲကို ဂိုးပြတ်နိုင်ပွဲဖြင့် အဆုံးသတ်နိုင်ခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅၊ ၂၁၊ ၆၈ မိနစ်တွင် စောဘီဘယ်၊ မိနစ် ၄၀ တွင် အောင်ဇော်ဦး၊ မိနစ် ၇၀ တွင် သူရညီညီက သွင်းယူပြီး ရတနာပုံအသင်းအတွက် ချေပဂိုးများကို ခြောက်မိနစ်တွင် ဖြိုးဝေကျော်၊ ၄၅+၁ မိနစ်တွင် ကောင်းခန့်ဇော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၂၆) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL

ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေး ဆော်ဩ

ရန်ကင်း အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မီးဘေးလုံခြုံရေးအသိပညာပေးဆော်ဩခြင်းကို ယနေ့ညနေပိုင်းက ရန်ကင်းမြို့ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးနိုင် ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့က မီးငြှိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် ရပ်ကွက်များအတွင်း လှည့်လည်၍ ပြည်သူများ လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာအချက်များကို ဆော်ဩခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့နံနက် ၀၀ နာရီ ၀၁ မိနစ် ၃၉ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့- အရှေ့တောင်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဂန့်ဂေါမြို့၏ မြောက် -အနောက်မြောက်ဘက် ၂၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၀ ဒီဂရီ၊ အနက် ၁၇၂ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

❖ မြန်မာ့လက်ရွေးစင်မှ

ထိုင်းခရီးစဉ်သို့ ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို ကျင်းပပြီးစီးခဲ့သည့် အမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အုပ်စုမဲခွဲရာတွင် ဗီယက်နမ်၊ အင်ဒိုနီးရှားအသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဇရပ်ကုန်းခင်ကျေးရွာနေ (ဘ) ဦးအောင်နိုင်ထွေး၏ သမီးဖြစ်သူ အ.ထ.က ဇရပ်ကုန်းခင် Grade-8 တွင် ပညာသင်ကြားနေသော ကျောင်းသူ မသူသူစံ၏ အမည်မှ မသူသူစုစံ အမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှာ တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဦးရဲလင်းနိုင် [၁၁/ရဗန (နိုင်) ၀၈၉၀၅၉]၏ ဖခင်အမည်မှာ ဦးဖြူကျော်သာ (ခ) ဦးငကြူ [၁၁/ရဗန (နိုင်) ၀၃၁၅၈၀]တို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုက္ကိုကျေးရွာနေ (အဖ) ဦးထွန်းဟန်၏သား [၇/သနပ (နိုင်) ၀၃၁၃၄၉] ကိုင်ဆောင်သူ ဦးမောင်နိုင် (ခ) ဦးရန်နိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်နိုင်(ခ) ဦးရန်နိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ငွေတောင်လမ်း၊ အမှတ်(၉၉၆)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ လူနေရပ်ကွက်အမှတ်-၅၅၊ မြေကွက်အမှတ် -၉၉၆၊ အကျယ်(၄၀'x ၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ခြေရင်းခြမ်း၊ အကျယ်(၂၀'x၆၀')၊ (မြေကွက်အမှတ်-၉၉၅ နှင့် ကပ်လျက်ဖြစ်သောအခြမ်း)၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ဝေဝေမြ(J/RGN-၀၂၃၀၉၀)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သည့် (၁)ဒေါ်ဝါဝါလှိုင်[၁၂/ဥကတ(နိုင်)၀၁၀၅၃၂]၊ (၂)ဒေါ်ဝါဝါခိုင်[၁၂/ဥကတ (နိုင်)၀၁၀၅၃၃]တို့မှ မိမိတို့သာလျှင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

ဦးနေလင်းထွန်း
အထက်တန်းရှေ့နေ(စဉ်-၅၀၉၅၅)

ဦးဟိန်းစိုး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၄)

အမှတ်(၃၃/၄၉)၊ Strand Condo၊ အခန်းအမှတ်(၄၀၂)၊ (၄-လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ၃၆ လမ်း၊ တိုက်အမှတ် (၁၁၇/၁၂၇)တွင် ဆောက်လုပ်ထားသော ၈ ထပ်ခွဲတိုက်၏ မြေညီထပ် ၊ အခန်းအမှတ်- (E 117-127) ဟုခေါ်တွင်သော အကျယ်အဝန်း - (၂၀ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်လက်ဝယ်ရှိသူဖြစ်ကြောင်း ဝန်ခံသူ ဦးကျော်ဝင်း [၁၂/မဂတ(နိုင်) ၀၂၄၈၄၅]က အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူဦးသိန်းထွန်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)
ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်-၂၊ မြေကွက်အမှတ်-(၆၆.A/၄)ဟုခေါ်တွင်သော အကျယ်အဝန်း - ၁. ၀၀ ဧက (၄၃၅၆၃) စတုရန်းပေရှိ ဦးအောင်နိုင်ထွန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဖြစ်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်ဖြူနှင်းပွင့် [၁၄/ဖပန (နိုင်)၁၇၃၆၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း (LL.B , D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)
ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂

"ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်းမ၊ မလိခဥယျာဉ်အိမ်ရာ၊ Malikha Condominium Tower(D), Level(10), Room No.(10-06) ခန့်မှန်းအကျယ်အဝန်း(၁၂၆၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လက်ရှိထားပိုင်ဆိုင်သော ကွန်ဒိုတိုက်ခန်းဖြစ်ကြောင်း၊ မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း၊ ရောင်းချထားခြင်းတို့မရှိကြောင်း ဝန်ခံကတိပြုသည့် **ဒေါ်သစ်သစ်ထက် [၁၂/ဒဂန(နိုင်)၀၂၄၆၁၀]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်တွေ့ဆုံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံကန့်ကွက်မှုမရှိပါက ဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)
Ph: 09-972734996

ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၀၂၀)၊ ဦးကျော်ဌေး အမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေအကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀)ပေ (ခေါင်းရင်းဘက်ခြမ်း)မြေကွက် အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတက်လူ [၇/ညလပ(နိုင်) ၁၁၅၀၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှသင်း [၁/မမန(နိုင်)၀၀၃၄၈၄] (စရန်ငွေပေးချေသူ) ဒေါ်ဖူးမီမီမြင့်[၁/မကန(နိုင်)၁၉၃၆၅၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပစ္စည်းအား ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညီမ်းညီမ်းထွေး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၃၁၅)

ဒေါ်အေးငြိမ်းသူ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၃၂၃၉)

စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း- ၀၉-၇၉၃၉၆၇၂၈၄

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ ဆုပြည့်ရတနာလမ်း၊ မြေကွက်အမှတ်(၁၆၃)၊ အကျယ်အဝန်းပေ(၀.၀၅၅)ဧက (၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိသော အကျိုးခံစားခွင့်အားလုံးတို့၏ အမည်ပေါက်သူ ဦးမျိုးနောင် [၁၂/တမန(နိုင်)၀၉၃၅၃၁] အမည်ဖြင့် မှတ်သားတည်ရှိနေပြီး လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိရာ အထက်ပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးလပြည့်ဝင်း [၆/ထဝန(နိုင်) ၀၇၇၆၄၇] ကိုင်ဆောင်သူမှ (၁၉-၁၀-၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်း(ဂရန်)အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ယင်းအိမ်ခြံမြေ အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးမြင့်ခိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၂၂)

ဒေါ်နန့်အိဆုမွန်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၉၄၀၁)

အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/B)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-422464007, 09-795598060

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တည်ဆောက်ရေးလုပ်ငန်း (၁)ခုဖြစ်သည့် လျှပ်စစ်ခြံစည်းရိုးပြုပြင်ခြင်း (Electric Fence System) အတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဆောင်ရွက်လိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁၀-၂၀၂၅ ရက်နေ့မှ ၇-၁၁-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)
တင်ဒါပုံစံရောင်းချမည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် - ၁၁-၁၁-၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၁:၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၁၁-၁၁-၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၁:၃၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမ၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၅၈၉/ခ)၊ မြေအကျယ်အဝန်း (၂၀ ပေ x၆၀ ပေ)ရှိ (၁)ခန်းတည်း (၆)ထပ်တိုက်ဆောက်လုပ်မည့် တိုက်သစ်၏အဆောက်အဦကို မြေရှင်နှင့်ကန်ထရိုက်(၁၃-၈-၂၀၂၄)ရက်စွဲပါစာချုပ်အရ ကန်ထရိုက်ပိုင်ဆိုင်သော ဒုတိယထပ်(၃-လွှာ)၊ အကျယ်အဝန်း (၁၈ ပေx ၅၄ ပေ)ရှိ ရေမီးစုံ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြီး ကြိုပွဲဝိုင်နှင့်စနစ်ဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဦးခင်မောင်အေး (ROYAL K.S CONSTRUCTION) [၁၂/မဂတ(နိုင်)၀၈၁၁၀၈]က စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်စုလှိုင် [၁၁/မအန(နိုင်)၀၃၆၆၅၉]မှ အချင်းဖြင့် ကြိုပွဲဝိုင်နှင့်တိုက်ခန်းနှင့်ပတ်သက်ပြီး အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ချစ်စုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လှိုင်လှိုင်အေး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၇၅၈)
ဖုန်း - ၀၉-၂၅၄၁၃၉၀၂၃၊ ၀၉-၇၉၄၉၁၀၁၆၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၃၁၃)ရှိတိုက်၏ (တတိယထပ်) (၄-လွှာ)တိုက်ခန်းနှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်လွှဲစာ(Notary)အား ဦးသန်းအောင်(Advocate & Notary Public)ရှေ့မှောက်တွင် ကျွန်တော်/ကျွန်မ ဦးသိန်းဌေး၊ ဒေါ်သူဇာအောင် တို့မှ ကမ္ဘောဇဘဏ်လီမိတက်၊ ပန်းပင်ကြီးလမ်းဘဏ်ခွဲ၏ ဘဏ်ခွဲတာဝန်ခံထံသို့ လွှဲအပ်ထားမှုအပေါ် ဤကြေညာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သူဇာအောင်[၁၂/ ရပသ (နိုင်) ၀၅၅၉၉၄]
ဦးသိန်းဌေး[၁၂/လမန (နိုင်) ၁၃၇၃၃၁]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

အင်းစိန်ခရိုင်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၉

ဒေါ်နန်းမွေ နှင့်
၁။ ဦးသန်းအောင်
၂။ ဒေါ်အေးအေးမော်
၃။ ဦးဝင်းခိုင်
၄။ ဦးစိုင်းဝန်းယုန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သီတာအောင်)
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်-၂၅/ကနေ မှတ်ပုံတင်အမှတ် [၁၂/မရက (နိုင်) ၀၁၃၀၃၅] ကိုင်ဆောင်သူ ဒေါ်အေးအေးမော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်နန်းမွေက "ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖေယျာဦး)
ဒုတိယခရိုင်တရားသူကြီး(၆)
အင်းစိန်ခရိုင်တရားရုံး

ဥတု ရာသီ တောကို မှီ၏

စက်မှုဝန်ကြီးဌာန

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်-1HI/Adm/Iron/တင်ဒါ/25-26/003

၁။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာသိမ်းယာဉ်များမှ သံရည်ကျိုအပ်နှံမည့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)အတွင်းရှိ မြို့နယ်များရှိ မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/ ယန္တရားစုစုပေါင်း(၁၁၀၀)စီးအား အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ဖြတ်တောက်၊ သယ်ယူ၊ ပို့ဆောင်အပ်နှံပေးနိုင်မည့် ကုမ္ပဏီ/အဖွဲ့များအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်-

(က) တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၇-၁၀-၂၀၂၅
(ခ) တင်ဒါပိတ်မည့်ရက် - ၁၃-၁၁-၂၀၂၅

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်-

အုပ်ချုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၀၅၄၅၁

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ/၁၀၊ မြေကွက်အမှတ်- ၁၀၂/ခ၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၁၀၂/ခ၊ စစ်တွေလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမိုး (CE - ၀၀၀၃၂၉) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဖခင် ဦးမိုးနှင့် မိခင် ဒေါ်ကုလားမတို့ ကွယ်လွန်ခဲ့ပြီး အစ်ကိုများဖြစ်ကြသည့် ဦးဌေးအောင်၊ ဦးမိုးကျော်လွင်တို့သည်လည်း အသီးသီးကွယ်လွန်ခဲ့ရာ ရောင်းသူ ဒေါ်အေးအေးမိုး(ခ)ဒေါ်အေးမိုးသိန်း [၁၂/လသယ(နိုင်) ၀၄၉၄၈၄]မှ မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ကမာလ်ကီစိုးရ်(ခ)ဇော်လင်း [၇/ဖမန(နိုင်)၂၇၂၄၃၉]မှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၂၆)
အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာမြင့် [၁၄/ပသန(နိုင်) ၁၄၉၃၆၇]၊ အမှတ်- ၉၁၊ စက္ကဝတ် (၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်- ၂၆၊ အကွက်အမှတ်- ၈၂-ခ၊ တရုတ်စုအကွက်၊ ဦးပိုင်အမှတ်- ၁၄-က၊ မြေဧရိယာ (၀.၀၅၁)ဧကရှိ ပိုင်ဆိုင်ခွင့် (B)မြေမျိုးနှင့် အတန်း(မြို့မြေ)နှင့်တကွ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်နေအိမ် အဆောက်အဦအခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ မောင်နှမများဖြစ်ကြသည့် ဒေါ်တင်တင်လှ၊ ဒေါ်အေးမြင့်၊ ဒေါ်မာလာမြင့်၊ ဦးအောင်မြင့် (ကွယ်လွန်) ၎င်း၏ဇနီး ဒေါ်မင်းမင်းရီ၊ ဦးလှမိုး၊ ဒေါ်သန္တာအေးတို့မှ အမွေဆက်ခံပိုင်ဆိုင်ထားသည့် အိမ်မြေဖြစ်ကြောင်းနှင့် အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ အမွေဆိုင်ဖြစ်သူ ဒေါ်မာလာမြင့်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သည့်အမွေဆိုင်တစ်ဦးတစ်ယောက်ကမျှ အမွေဆိုင်အိမ်မြေနှင့်ပတ်သက်၍ အခြားသူတစ်ဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း အာမခံအဖြစ်တင်သွင်းထားခြင်းတို့ မပြုလုပ်ရန် ကျန်အမွေဆိုင်မောင်နှမများနှင့်တကွ အများသိစေရန် ကြေညာချက်အား (၁၈-၁၀-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၈)တွင် အများသိစေရန် ကြေညာချက်အား ထည့်သွင်းကြေညာခဲ့ပါသည်။

ယခုအခါတွင် အထက်ဖော်ပြပါ အမွေဆိုင်အိမ်မြေနှင့်ပတ်သက်၍ အမွေဆိုင် မောင်နှမများအချင်းချင်း မေတ္တာရှေ့ထားပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းပြေလည်ပြီးဖြစ်ပါသဖြင့် အဆိုပါ အိမ်မြေနှင့်ပတ်သက်သည့် (၁၈-၁၀-၂၀၂၅)နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၈)ပါ အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မာလာမြင့်

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေလင်းအောင်
(တရားလွှတ်တော်ရှေ့နေ) စဉ် - ၁၃၂၁၄
အမှတ်- ၅၈၇၊ မြို့ပတ်လမ်း၊
ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ
အိမ်ပြင်ပတွင်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်(၂၆၂)၊ အခန်းအမှတ်(၀၀၃)ကို မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းမောင်[၁၃/မနန(နိုင်)၀၀၉၀၇၀]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

“ အမှတ်တံဆိပ်အသိပေးကြေညာခြင်း ”

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၂၀၃)တွင် နေထိုင်သော ဒေါ်ရွှေသဲဝါ နိုင်ငံသားမှတ်ပုံတင်အမှတ်[၁၄/ဘကလ(နိုင်)၁၈၄၀၃၂]သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number– T/2025/004275 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်–



လျှောက်လွှာနံပါတ် – T/2025/004275

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Gems & Jewellery ဆိုင်များ၊ နိုင်ငံတကာအဆင့်မီ GIA စိန်ထည်အမျိုးမျိုး၊ အရည်အသွေးမြင့် ကျောက်ထည်/ စိန်ထည်အမျိုးမျိုး၊ ရွှေ ပလက်တီနမ်၊ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ အစရှိသည့် လက်ဝတ်ရတနာထည်များအားဖန်တီးရောင်းချသည့်ဆိုင်များဖွင့်လှစ်ခြင်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအား ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိတို့၏ ဝန်ဆောင်မှု လုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ် အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်ငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူ လုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ရွှေသဲဝါ ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အေးမင်းမင်းသိမ့်	**ဒေါ်ဇင်မာအောင်**
(LL.B,D.B.L,D.I.L,D.M.L,D.I.P.L)	**(LL.B,LL.M)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)	**အထက်တန်းရှေ့နေ(စဉ်–၅၂၆၄၆)**

အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂

“ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ Zone (A)၊ နံပါတ်(S8)၊ THIRI YADANAR WHOLESALE တွင် တည်ရှိသော THE GOLDEN LINE CORPORATION COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၄၀၁၃၁၂၅၃ သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number– T/2025/003709 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်–



လျှောက်လွှာနံပါတ် – T/2025/003709

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အသင့်စားသုံးနိုင်သည့် မက္ကာဒေးမီးယားအစေ့များအား ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊ ဆိုင်ခန်းများ ဖွင့်လှစ်၍ရောင်းချခြင်း၊ Online မှတစ်ဆင့်ရောင်းချပေးခြင်းများအား ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိ၏ ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံး အမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်ငြမ်းတုပ သုံးစွဲခြင်း၊ အမည်စာသားတူ/ပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူ လုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတား မြစ်ပါသည်။ မှိုင်ငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

THE GOLDEN LINE CORPORATION COMPANY LIMITED ၏
လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အေးမင်းမင်းသိမ့်	**ဒေါ်ဟေမာန်ဦး**
(LL.B,D.B.L,D.I.L,D.M.L,D.I.P.L)	**(LL.B,LL.M,D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)	**အထက်တန်းရှေ့နေ(စဉ်–၅၁၄၆၉)**

အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂

အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက်(၂၉)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘဏ်၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခံမည့် ဒါရိုက်တာများက အဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေးမကျင်းပမီ ကြိုတင်ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ သင်းဖွဲ့စည်းမျဉ်း စာပိုဒ်(၈၄)အရ “လစ်လပ်သော ဒါရိုက်တာနေရာအတွက် အရွေးချယ်ခံရန် အစုရှယ်ယာ (၁,၀၀၀)စုနှင့် အထက် ပိုင်ဆိုင်သူသာလျှင် ဝင်ရောက် ရွေးချယ်ခံပိုင်ခွင့်ရှိပါသည်။ အစုရှယ်ယာ (၁,၀၀၀)စု ဟုဆိုရာတွင် အရွေးချယ်ခံမည့်သူသည် မိမိအမည်ဖြင့်အစုအနည်းဆုံး(၁၀၀)စုရှိရမည်ဖြစ်ပြီး မိသားစုတွင်လည်းကောင်း၊ မိမိအားယုံကြည်၍ ကိုယ်စားလွှဲအပ်ပေးမည့်သူ၏ အစုရှယ်ယာအားလည်းကောင်း၊ ဖြည့်စွက်၍ ကိုယ်စားပြုထည့်သွင်း၍ ရွေးချယ်ခံခွင့်ရှိပါသည်။ ကိုယ်ပိုင်အစုရှယ်ယာ(၁၀၀)စုနှင့် အထက် ပိုင်ဆိုင်သူများအနေဖြင့် ဒါရိုက်တာအဖြစ်ဝင်ရောက်ရွေးချယ်ခံမည်ဆိုပါက အစုရှယ်ယာအရေအတွက် (၁,၀၀၀)စု (သို့မဟုတ်) ကိုယ်စားလှယ်လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာတို့နှင့်အတူ**(၃၁–၁၀–၂၀၂၅)ရက်၊ ညနေ(၄:၀၀)နာရီ** နောက်ဆုံးထား၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်အမှတ်(၂၉၈) အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်၍ အဆိုပြုလွှာဖြင့်လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မငယ်(၁)မှ(၈)အထိ ဖော်ပြထားသည့်အရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓာတ်ပုံ(၁)ပုံနှင့်အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထား မူရင်းများအား တစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံပါသည်။

၄။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့် အစီအစဉ်အား နိုင်ငံပိုင်သတင်းစာများမှထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက လိုက်နာဆောင်ရွက်ရေးဆိုင်ရာ အရာရှိချုပ် ဖုန်း ၀၉–၇၉၉၈၆၇၀၀၆ သို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ **အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉စက်မှု၊ မြေကွက်အမှတ်–၉၁၊ ဧရိယာ(၂.၀၀၆)ဧက၊ မြေကွက်တည်နေရာအမှတ်(၉)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးစံဝမ်း[၁၂/လသန(နိုင်)၀၀၆၀၅၇]၊ ဦးကျော်ခိုင်[၁၂/လသန(နိုင်)၀၀၅၀၈၉] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံဝမ်းသည် (၄–၅–၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်းပိုင်ဆိုင်သောအစုအား ဇနီးတော်စပ်သူ ဒေါ်စန်းစန်းဝင်း[၁၂/လသန(နိုင်)၀၀၅၀၇၄]မှ ၎င်းနှင့်ခင်ပွန်းဖြစ်သူ ဦးစံဝမ်း တို့သည် တရုတ်/ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြောင်း၊ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ ခင်ပွန်းပိုင်ဆိုင်သောအစုကို တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ၎င်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခြင်းမရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျမ်းကျိန်မှတ်ပုံတင်အမှတ်–၁၀၇၁/၂၀၂၅(၂၅–၈–၂၀၂၅) ဖြင့် ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်(၂)စောင်၊ ဦးစံဝမ်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ကျန်မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ခိုင်နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၂၄၊မြေကွက်အမှတ်–၁၂၇၀၊မြေကွက်တည်နေရာအမှတ်–၁၂၇၀၊ပဒုမ္မာလမ်း၊(၂၄)ရပ်ကွက်ဒဂုံတောင်၊ဦးကျော်စိုး(၁၂/မဂတ(နိုင်)၀၂၃၁၈၅)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်–ဦးကျော်စိုးခင်ပွန်းဖြစ်သူသည်(၂၂–၁၂–၂၀၁၈)ရက်နေ့တွင်ကွယ်လွန်၍ဇနီးဖြစ်သူဒေါ်မြင့်မြင့်သန်း(၁၂/မဂတ(နိုင်)၀၂၃၁၈၁)မှတရားဝင်အမွေဆက်ခံခွင့်ရှိသူတစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊အခြားသောဇနီး/မိန်းမတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အထက်ပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အားကျန်ရစ်သူတစ်ဦးတည်းသောဇနီးဖြစ်သူမိမိကသာလျှင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကျမ်းကျိန်လွှာအမှတ်၈၈၂/၂၀၂၅(၈–၈–၂၀၂၅)၊အသိသက်သေနှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ခင်ပွန်းသေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊ခင်ပွန်းဖြစ်သူ၏အမည်နာမသည်မြေငှားစာချုပ်ဂရန်တွင်ဦးကျော်စိုး(၁၂/မဂတ(နိုင်)၀၂၃၁၈၅)ဟုလည်းကောင်း၊မှတ်ပုံတင်၊သန်းခေါင်စာရင်းနှင့်သေစာရင်းတို့တွင်ဦးလီအမိန်(ခ)ဦးကျော်စိုး(၁၂/မဂတ(နိုင်)၀၂၃၁၈၅)ဟုလည်းကောင်းအမည်နာမအားဖြင့်ကွဲလွဲသော်လည်းလူပုဂ္ဂိုလ်အားဖြင့်ခင်ပွန်းဖြစ်သူတစ်ဦးတည်းသာဖြစ်ပါကြောင်းဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်–၁၂၇၃/၂၀၂၅(၁၂–၈–၂၀၂၅)နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာRC(၂)ထပ်(၁)လုံးကိုယ်တိုင်နေထိုင်ပြီးဒေါ်မြင့်မြင့်သန်းမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်၎င်း၏ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၅/၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်–

စဉ်	တင်ဒါအမှတ်	ဝယ်ယူမည့်ပစ္စည်း	အရေအတွက်
(က)	58(LPT))/MPE–HQ/2025–2026	Floor Stand Air Conditioner(3 HP)&(5 HP)	3 Nos. & 12 Nos.
(ခ)	54R(LPT)/MPE–Mann/2025–2026	UV Spectrophotometer	1 No.
(ဂ)	4R–R^3(LPT)/MPE–F4/2025–2026	Spare Parts for Process Air Compressor	1 Lot
(ဃ)	32R–R^2(LPT)/MPE–F5/2025–2026	Demineralized Water Pump(P 5402 A/B)	1 Set
(င)	46R–R^4(LPT)/MPE–F4,F5/2025–2026	Ultra Coolant Oil	600–Liters
(စ)	အဆိုပြုလွှာ (၂ စောင်) Conductivity Analyzer (AT 5407,5408) ၊ Conductivity Analyzer (AT–5409)		

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၃–၁၀–၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇–၁၁–၂၀၂၅ ရက်နေ့ (၁၂:၀၀) နာရီတွင် နောက်ဆုံးထား၍ စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ဖုန်း–၀၉–၉၆၃၁၄၅၉၈၈၊၀၉–၄၂၀၂၄၁၄၅၃၊၀၉–၄၀၁၅၄၆၇၇၀၊၀၉–၂၆၄၉၉၂၂၀၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်–၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဦးလှသိန်း မှတ်ပုံတင်အမှတ်[၁၂/ဗဟန(နိုင်)၀၁၂၄၇၂]၊ အဖအမည် ဦးငွေမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၂၃၈၇၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၁၂၄၈/၂၀၂၃(၁၀–၅–၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနွယ်ဦး မှတ်ပုံတင်အမှတ်[၁၃/လလန (နိုင်) ၀၂၀၃၃၆]၊ အဖအမည် ဦးသန်းမှ ဒေါ်နွဲ့နွဲ့ဝင်း မှတ်ပုံတင်အမှတ်[၁၂/ပဇတ(နိုင်) ၀၂၃၇၀၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ရပ်ကွက်၊ အကွက်အမှတ်–က–၃၊ ဦးပိုင်အမှတ်(၁၇– က) ၁၁၀x၁၁၁လမ်းကြား၊ ၆၈x၆၉ လမ်းကြားရှိဂရန်မြေကွက်မည်ပေါက်သူ ဒေါ်ခင်သန်းဝင်း [၉/ခမစ(နိုင်) ၀၂၁၆၃၂]က ဂရန်မူရင်းမှာ အသိမ်းလွှန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ–၁၇)၊ ဦးပိုင်အမှတ်(၂၉)၊ ၆၁x၆၂ကြား၊ ၁၃၅x၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးအိုက်ယီ[၁၃/လရန(နိုင်)၀၆၂၈၉၆] (၎င်း၏ GP ရရှိသူ ဦးငွေဒွေး)က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် “တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှကူးယူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်။”ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသောဂရန်အမှုတွဲအမှတ်(၂၄၇၄/၂၀၀၄–၂၀၀၅)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၆၉)ဧကရှိ ဦးကိုကိုကြီး မှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၀၅၃၄၀၀]၊ အဖအမည် ဦးမောင်မောင်ငွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၃၃၈၃၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၂၇၁၇/၂၀၂၃(၁၁–၈–၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းရွှေ မှတ်ပုံတင်အမှတ်[၇/ဒဥန(နိုင်)၀၁၂၆၃၈]၊ အဖအမည် ဦးလှိုင်မှ ဦးမျိုးကိုကိုအောင် မှတ်ပုံတင်အမှတ်[၉/ခမစ(နိုင်) ၀၁၃၅၇၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

